မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကူဝိတ်နိုင်ငံအကြီးအကဲထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၂၅

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ် ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၂၅

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် နာဆာ အယ်လ်မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီဆောင်ရွက်မှုကြောင့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူများ လက်တွေ့ ရရှိခံစားနေရပြီ

အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက် မိမိတို့ စီးပွားရေးဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေးကိုပါ ဝိုင်းဝန်းကြိုးပမ်း စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူ

လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကို နယ်မြေလူထုက နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော်　ဖေဖော်ဝါရီ　၂၄

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈နာရီ မိနစ်၅၀တွင် မော်တော်ယာဉ်များဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဗန်းမော်)သို့ ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)နှင့် အစိုးရနည်းပညာသိပ္ပံ(ပူတာအို) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်)

ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများ တိကျစွာသတိပြုလိုက်နာ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတစ်ဝန်း မော်တော်ယာဉ်အမျိုးအစားများနှင့် ယာဉ်စီးရေများ တိုးတက်များပြားလာသည်။ ယာဉ်များတိုးတက်များပြားလာသည်နှင့်အမျှ ယာဉ်ကြောများပြားလာမှုနှင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ယာဉ်မောင်းသူများနှင့် လမ်းသွားလမ်းလာ ခရီးသွားများက တိကျစွာလိုက်နာကြပါက ယာဉ်တိုက်မှုများ လျော့နည်းပပျောက်သွားမည် ဖြစ်ပေသည်။

ယာဉ်မတော်တဆဖြစ်ရသည့် အကြောင်းရင်းများတွင် မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှု၊ ခရီးသည်များ၏ ပေါ့ဆမှု၊ လမ်းဖြတ်ကူးသူ၏ ပေါ့ဆမှု၊ အနေးယာဉ်ကြောင့် ဖြစ်ပွားမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ ယာဉ်မောင်းလိုင်စင်မရှိမှု၊ စက်ကိရိယာချွတ်ယွင်းမှု၊ အရက်သေစာသောက်စား မောင်းနှင်မှု၊ ရာသီဥတုမကောင်းမှုများ ပါဝင်ကြသည်။

ယခုအခါ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် ပို့ဆောင်ရေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခဲ့သည်။ တစ်ပြိုင်တည်းမှာပင် ခရီးသည်တင်ယာဉ်မောင်းများက ယာဉ်စည်းကမ်းများ၊ လမ်းစည်းကမ်းများကို စည်းကမ်းနည်းလမ်းတကျနှင့်အညီ မောင်းနှင်ပါက ခရီးသွားပြည်သူများ၏ အသက်အန္တရာယ် လုံခြုံစိတ်ချစွာ သွားလာနိုင်ကြမည် ဖြစ်သည်။

သက်ဆိုင်ရာမှလည်း ယာဉ်မတော်တဆထိခိုက်မှု လျော့နည်းကျဆင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးပြီး ဟောပြောပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပကာ အသိပညာပေး ဆော်သြလျက်ရှိသည်။

သို့ဖြစ်ပေရာ ပြည်သူများအားလုံး၏ အသက်ဘေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သည့် ဆောင်ရန်နှင့် ရှောင်ရန်အချက်များကို တိကျစွာ သတိပြုလိုက်နာကြခြင်းဖြင့် ဘေးကင်းလုံခြုံစိတ်ချစွာဖြင့် လိုရာခရီးသို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)
၂၆-၂-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (သောကတောင်တု မျက်ကွယ်ပြု)
၈း၃၅	တေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေး စုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (Intermediate Level-13)
၁၂း၁၀	အလုပ်အကိုင် အခွင့်အလမ်း (နိုင်ငံခြားရေး-ဌာနစုမှူး-၂)
၁၂း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀	ဆောင်းပါး
၁၆း၃၀	တေးပဒေသာ
၁၇း၀၀	Music Talk (12) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	တေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅	တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါ တေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာ နားဆင်စရာ (ပတ္တမြားကျောက်စီဓား)
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သုဘဝအဖုံဖုံ (အကယ်ဒမီခင်မို့မို့အေး) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (အင်္ဂလိပ်စကားပြောလမ်းညွှန်) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မော်လမြိုင် အလက(၇)၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ရက်က မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအကြောင်းနှင့် ယာဉ်မတော်တဆမှု ပပျောက်ရေးတို့ကိုလည်းကောင်း၊ ဒုရဲအုပ်အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း (ဝဲပုံ)၊ ဒုရဲအုပ်အောင်အောင်နိုင်က ယာဉ်ထိန်းလက်အချက်ပြ နည်းစနစ်ကိုလည်းကောင်း ဟောပြောကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဇာတ်လမ်းခွေများကို ပြသသည်။

ကျေးဇူးတင်စကား

ထို့နောက် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းက အသိပညာပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာကြီးထံပေးအပ်ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ပြသခဲ့

အဆိုပါ ကျောင်းမှ ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှတ်တမ်းဓာတ်ပုံများကို တစ်ပတ်ကြာ ပြသခဲ့သည်။ (သတင်းစဉ်)

သုံးခွမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

သုံးခွမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် (၇၅)နှစ်အထက် အသင်းဝင်များအား ပူဇော်မည်ဖြစ်ပြီး ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင် သားသမီးများနှင့် နိုင်ငံတော်အဆင့် ပညာရေး၊ လူမှုရေး၊ စာပေ၊ အားကစား၊ ဂီတ၊ သဘင်၊ ရုပ်ရှင် စသည်တို့တွင် ထူးချွန်သူများ၊ ဂုဏ်ထူးဘွဲ့ထူး ရရှိသူ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများအား ဆုချီးမြှင့်နိုင်ရန် ဥက္ကဋ္ဌ ဦးမြသိန်း ဖုန်း-၆၆၁၃၇၉၊ ဦးစောလှိုင်(လှကမ္ဘာပရိဘောဂ) ဖုန်း-၂၉၁၃၁၁၊ ဦးအောင်သန်းစိုး ဖုန်း-၀၉-၅၁-၇၁၀၃၁၊ ဦးအောင်သန်း ဖုန်း-၀၉-၅၁-၀၁၉၉၈နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်စာရင်းပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၁/အနော်မာရပ်ကွက်တွင် ဖေဖော်ဝါရီ၁၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတိပြုရေးအတွက် တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဦး၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးရီဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမင်းလွင်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြစဉ်။ (၁၁၆)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ရက် မွန်းလွဲ၁နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက် သုတကောင်းကင် စာကြည့်တိုက်၌ကျင်းပသည်။

ဆွေးနွေး

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်တွဲညီညီ ရှေ့သို့ချီ၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပသည်။ ထို့နောက် စာကြည့်တိုက်ကော်မတီနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စာငှားစနစ် ချမှတ်ဆောင်ရွက်ရေးနှင့် စာအုပ်စာစောင် တိုးပွားရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအသေးစိတ်များကို ဆွေးနွေးကြသည်။

စာကြည့်တိုက်ဖွံ့ဖြိုးရေး

ဆက်လက်၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကျော်က စာကြည့်တိုက် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။ (ယာပုံ) (မြို့နယ် ပြန်/ဆက်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပုလဲမြို့နယ်၌ ကွင်းဆင်းဆွေးနွေး

ပုလဲ ဖေဖော်ဝါရီ ၂၄

ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၂ရက်က မင်းမ အရှေ့ကျေးရွာသို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး ကွင်းဆင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်ဌေး၊ စိုက်ပျိုးရေးမန်နေဂျာဦးသိန်းထွန်း၊ မြေစာရင်းဦးစီးဌာနမှူး ဦးရဲလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဆန်းမြင့်နှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျေးရွာပြည်သူများ၏ တင်ပြချက်များအပေါ် မြို့နယ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖေဖော်ဝါရီ ၂၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **Lt. Gen. Bui Van Nam** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ရှိတ် ဒေါက်တာ မိုဟာမက် အယ်လ်ဆာဘား အယ်လ်ဆလမ်အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား တရုတ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ- တရုတ်နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် အကြီးစား စက်မှုလုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆိုအက၊အရေးအတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀	၇။	မွေးမြူသုတ
၅း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်
၆း၂၅	၁၂။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၆)
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ရွှေဟောင်းသုတ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၁၅)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် ဒက္ခိဏာသီရိမြို့ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိနှင့် ဒေါ်မြသီဂီ၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၏ ပထမနေ့အစီအစဉ်များကို နံနက် ၁၀ နာရီခွဲတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြင့်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။ ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက အသီးသီးတင်ပြကြသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်သက်သက်ဇင်က ဆောင်ရွက်သည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် စစ်ကိုင်းတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက အသီးသီး တင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ် ဆွေးနွေးမှာကြားပြီး ပထမနေ့အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ

မြန်မာအသင်းနှင့် တာဂျီကစ္စတန်အသင်းတို့ တတိယလုပွဲ ယှဉ်ပြိုင်ရမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အာရှဘောလုံးအဖွဲ့ချုပ် AFC က ကြီးမှူးကျင်းပသော AFC Challenge Cup 2010 ဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့ညနေပိုင်းတွင် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ဆက်လက်ကျင်းပသည်။

ဒုတိယအကြိုဗိုလ်လုပွဲတွင် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ပထမအကြိုဗိုလ်လုပွဲတွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် တာဂျီကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တာ့ခ်မင်နစ္စတန်အသင်းက နှစ်ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဖေဖော်ဝါရီ ၂၇ရက် မြန်မာစံတော်ချိန် ညနေ ၄နာရီခွဲတွင် မြန်မာအသင်းနှင့် တာဂျီကစ္စတန် အသင်းတို့ တတိယလုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၃၂)ကြိမ်မြောက် ပြည်နယ်/တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၂)ကြိမ်မြောက် ပြည်နယ်/တိုင်း အသင်းလိုက်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်ကို ယနေ့နံနက်က မြန်မာဂေါက်ကလပ် ကိုးမိုင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပသည်။

အသင်းလိုက်အကျော့မဲ့ပြိုင်ပွဲ

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် အသင်းလိုက်အကျော့မဲ့ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်း အသင်းက စုစုပေါင်းရိုက်ချက် ၆၆၁ ချက်ဖြင့် ပထမ၊ ရန်ကုန်တိုင်းအသင်းက စုစုပေါင်း ရိုက်ချက် ၆၆၇ချက်ဖြင့် ဒုတိယ၊ တနင်္သာရီတိုင်းအသင်းက စုစုပေါင်းရိုက်ချက် ၆၇၇ချက်ဖြင့် ပထမ၊ ရန်ကုန်တိုင်းအသင်းက စုစုပေါင်း ရိုက်ချက် ၆၇၈ချက်ဖြင့် ဒုတိယလိုက်နေပြီး တစ်ဦးချင်း အကျော့မဲ့ ပြိုင်ပွဲတွင် သိန်းနိုင်စိုး (ရန်ကုန်)က စုစုပေါင်းရိုက်ချက် ၂၁၅ချက်ဖြင့် ပထမ၊ အောင်ကျော်သူ(ပဲခူး)က စုစုပေါင်းရိုက်ချက် ၂၁၇ချက်ဖြင့် ဒုတိယနှင့် မျိုးဝင်းအောင် (မန္တလေး)က စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် တတိယလိုက်နေပြီး တစ်ဦးချင်း အကျော့ပေးပြိုင်ပွဲတွင် ခင်မောင်အေး (ကချင်ပြည်နယ်)က စုစုပေါင်းရိုက်ချက် ၂၁၀ဖြင့် ပထမ၊ အောင်ကျော်သူ(ပဲခူး) က စုစုပေါင်းရိုက်ချက် ၂၁၂ချက်ဖြင့် ဒုတိယနှင့် ကျော်စွာလင်း(တနင်္သာရီ)က စုစုပေါင်း ရိုက်ချက် ၂၁၂ချက်ဖြင့် တတိယလိုက်နေကြပြီး ကိုက် ၁၆၃ကိုက်ရှိ ကျင်းအမှတ် (၅) တွင် ရှမ်း(တောင်)အသင်းမှ ဇော်မိုးလတ်သည် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(ဂေါက်သီးအဖွဲ့ချုပ်)

အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲတွင် ဦးဆောင်နေသည့် စစ်ကိုင်းတိုင်းမှ နိုင်ရဲလင်း ယှဉ်ပြိုင်စဉ်။

(မြန်မာ့အလင်း)

အီရတ်-အာဖဂန်သတင်းများ

အမေရိကန် ရဟတ်ယာဉ် အီရတ်၌ပျက်ကျ၊ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံမြောက်ပိုင်း အမေရိကန်လေတပ်အခြေစိုက်စခန်းအနီးတွင် ဖေဖော်ဝါရီ ၂၁ရက်က အမေရိကန်ရဟတ်ယာဉ် ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားသဖြင့် ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖော်ပြ

အဆိုပါရဟတ်ယာဉ်သည် ယင်းအမေရိကန်လေတပ်အခြေစိုက်စခန်းအတွင်းပိုင်းသို့ ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်လေတပ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ဖော်ပြသည်။

စုံစမ်းစစ်ဆေး

ရန်သူတပ်ဖွဲ့ဝင်များ မရှိကြောင်း၊ ပစ်ခတ်မှုလည်းမရှိကြောင်း၊ ရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ဂျလာလာဘတ်မြို့၌ မော်တော်ဆိုင်ကယ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂၄ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၃၈၈ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၄၇၃၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၃၈၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၄၇၃၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂၄ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၆၁၃ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၉၃၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၆၁၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၈၉၃၆ ဦး

(အင်တာနက်)

နေတိုးလက်ချက်ဖြင့် အရပ်သားများသေဆုံးမှု အာဖဂန်အစိုးရ ပြစ်တင်ရှုတ်ချ

ကဘူးလ် ဖေဖော်ဝါရီ ၂၄

အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်များ၏လက်ချက်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် အရပ်သား ၂၇ဦး သေဆုံးမှုအပေါ် အာဖဂန်အစိုးရအဖွဲ့က ပြစ်တင်ရှုတ်ချလိုက်သည်။

တိုက်ခိုက်

နေတိုးတပ်ဖွဲ့ဝင်များက ဥရုဂန်ပြည်နယ်နှင့်ဒိုင်ကွန်ဒီပြည်နယ် နယ်စပ်အနီး၌ အရပ်သားများအားလေကြောင်းမှ ဖေဖော်ဝါရီ ၁၉ရက်တွင် တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

ပြောကြား

ပထမပိုင်းတွင် အာဖဂန်အစိုးရအဖွဲ့က သေဆုံးသူ ၃၃ဦးရှိသည်ဟု ဖော်ပြခဲ့ပြီးနောက်ပိုင်း အမျိုးသမီးလေးဦးနှင့် ကလေးငယ်တစ်ဦး အပါအဝင် ၂၇ဦး သေဆုံးကာ အခြား ၁၂ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြောကြားသည်။

ဖော်ပြ

အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးမှုအတွက် မိမိတို့ဝမ်းနည်းမိကြောင်း နေတိုး၏တပ်မှူး အမေရိကန်ဗိုလ်ချုပ်ကြီး စတန်လီမက်ရေစစ္စတယ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(အင်တာနက်)**

အာဖဂန်ရှိ တာလီဘန်များအား တွေ့ဆုံဆွေးနွေးရန် သမ္မတဟာမစ်ကာဇိုင်း ထပ်မံကမ်းလှမ်း

ကဘူးလ် ဖေဖော်ဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်နှင့် အပေါင်းပါစစ်သွေးကြွများအား တွေ့ဆုံဆွေးနွေးရန် ဖေဖော်ဝါရီ ၂၁ရက်တွင် သမ္မတဟာမစ်ကာဇိုင်းက ထပ်မံကမ်းလှမ်းလိုက်သည်။

အကြမ်းဖက်မှုကိုစွန့်လွှတ်ပြီး အာဖဂန်နစ္စတန် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်ကြရန် တာလီဘန်များနှင့် အခြားသောအတိုက်အခံများကို အထက်အောက် ပါလီမန်နှစ်ရပ် ပူးတွဲအစည်းအဝေးတွင် သမ္မတကာဇိုင်းက ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

ခံစား

နိုင်ငံအတွင်း ပဋိပက္ခမှုများနှင့် ဆက်လက်၍ တည်ငြိမ်မှုကင်းမဲ့နေခြင်းအားဖြင့် ပျက်စီးရုံနှင့် အာဖဂန်ပြည်သူများအနေဖြင့် လူမှုဒုက္ခများ ဆက်လက်ခံစားနေရုံမှတစ်ပါး မည်သို့မျှ ဖြစ်လာမည်မဟုတ်ဟုဆိုသည်။

ထုတ်ဖော်

အယ်လ်ခိုင်ဒါနှင့်အခြားသော အကြမ်းဖက်အုပ်စုများမှအပ အာဖဂန်ရှိ တာလီဘန်များကို ကမ်းလှမ်းခြင်းဖြစ်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက တရားဝင် ထုတ်ဖော်ပြောကြားသွားသည်ဟုဆိုသည်။ ဖေဖော်ဝါရီ ၂၀ရက် အစောပိုင်းကတည်းက စတင်ခဲ့သည့် အာဖဂန်နှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့ဝင် ၁၅၀၀၀နှင့် ကန်မရိုန်းတပ်သား ၅၀၀၀ ပါဝင်သည့် အဓိကထိုးစစ်ဆင်နွှဲနေချိန်အတွင်း ကာဇိုင်းက ယင်းကဲ့သို့ ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရာမာဒီမြို့၌ပေါက်ကွဲ

အီရတ်နိုင်ငံ ရာမာဒီမြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များ စစ်ဆေးလျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အကြမ်းဖက်မှုများ အရှိန်တိုးမြင့်လာ ပတ်ခတ်တိုက်ခိုက်မှုကြောင့် ၂၂ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၂ ရက်က အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားသဖြင့် ၂၂ဦးထက်မနည်း သေဆုံးရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖမ်းဆီး

ဘဂ္ဂဒက်မြို့၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် သေနတ်သမားများက မိသားစုရှစ်ဦးအား ပစ်ခတ်သတ်ဖြတ်ပြီး အချို့ကိုခေါင်းဖြတ်ခဲ့ကြောင်းနှင့် အဆိုပါ သေနတ်သမားများကို လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထွက်ပြေး

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဟူရီခရိုင် ဒါဘက်ချ်ဒေသ၌ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သမီးနှစ်ဦးအသတ်ခံရကာ နာဆာပန်းခြံအနီးရှိ စစ်ဆေးရေးဂိတ်၌လည်း ရဲတပ်ဖွဲ့ဝင်တစ်ဦး ပစ်သတ်ခံရသည်။ ထို့ပြင် တက္ကသိုလ်ပါမောက္ခတစ်ဦးအား သေနတ်သမားများက သတ်ဖြတ် ထွက်ပြေးသွားကြောင်း သတင်းတွင်ဖော်ပြသည်။

ပစ်ခတ်

ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေတွင် စိန်ပြောင်းကျည်နှစ်လုံးကျရောက်သဖြင့် ငါးဦးဒဏ်ရာရကြောင်းနှင့် မိုဆူးလ်မြို့တွင် အပြန်အလှန်ပစ်ခတ်မှုအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း သိရသည်။

သေဆုံး

အန်ဘာပြည်နယ် အနောက်ပိုင်းရှိ ရဲဌာနချုပ်အနီး၌ ကားဗုံးပေါက်ကွဲသဖြင့် ငါးဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြောက်အိုင်ယာလန် အုပ်ချုပ်ရေးရုံးအနီး ကားဗုံးပေါက်ကွဲမှု ဖြစ်ပွား

လန်ဒန် ဖေဖော်ဝါရီ ၂၄

ဗြိတိန်နိုင်ငံ အိုင်ယာလန်မြောက်ပိုင်းရှိ ဒေသန္တရအုပ်ချုပ်ရေးရုံးတစ်ရုံးအနီး၌ ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းက ကားဗုံးပေါက်ကွဲမှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ဖြစ်ပွား

အဆိုပါကားဗုံးပေါက်ကွဲမှုအတွင်း သေကျေဒဏ်ရာရရှိမှုကို ချက်ချင်းမသိရသေးဟုဆိုသည်။ ယင်းအဆောက်အအုံအနီး၌ ဗုံးတပ်ဆင်ထားသော ယာဉ်တစ်စီးရှိသည်ဟု သတင်းရရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့ကလူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂါဇာကမ်းမြောင်၌ ပေါက်ကွဲမှုဖြစ် ပါလက်စတိုင်းလေးဦးသေဆုံး

ဂါဇာ ဖေဖော်ဝါရီ ၂၄

ဟားမတ်စ်အစ္စလာမ္မစ်လှုပ်ရှားမှုအဖွဲ့ ထိန်းချုပ်သည့် ဂါဇာကမ်းမြောင်တောင်ပိုင်း၌ ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ရာ ကလေးငယ်သုံးဦးအပါအဝင် ပါလက်စတိုင်းလေးဦး ဖေဖော်ဝါရီ ၂၂ရက်ညတွင် သေဆုံးကြောင်း ဂါဇာရှိ ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဒဏ်ရာရရှိ

အဆိုပါကလေးသုံးဦးသည် ညီအစ်ကိုများဖြစ်ကြပြီး ဂါဇာကမ်းမြောင်ရှိ ခန်ယူနစ်မြို့အရှေ့အက်ဘာဆန်ကျေးရွာရှိ ၎င်းတို့အိမ်တွင် လျှပ်စစ်ဓာတ်အားပေးစက်ပေါက်ကွဲကာ သေဆုံးခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် မိသားစုဝင် ငါးဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

နျူကလီးယားစွန့်ပစ်ပစ္စည်း သိုလှောင်ရာနေရာ ဩစတြေးလျရွေးချယ်

ကင်ဘာရာ ဖေဖော်ဝါရီ ၂၄

ဩစတြေးလျအစိုးရအနေဖြင့် ပထမဆုံးနျူကလီးယားစွန့်ပစ်ပစ္စည်းသိုလှောင်မည့်နေရာကို ဩစတြေးလျနိုင်ငံမြောက်ပိုင်း၌ သတ်မှတ်ထားရှိရန် စီစဉ်လျက်ရှိသည်ဟု သယံဇာတနှင့်စွမ်းအင်ဝန်ကြီး မာတင်ဖာဂူဆန်က ဖေဖော်ဝါရီ ၂၃ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သတ်မှတ်

တန်နက်ခရိခ်ဒေသမြောက်ဘက် ကီလိုမီတာ ၁၂၀ခန့်အကွာရှိ မူကတီဒေသအား ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းသိုလှောင်ရာနေရာအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်းနှင့် အဆင်မပြေပါက အခြားနေရာသို့ပြောင်းလဲသတ်မှတ်ရန် စီစဉ်ထားကြောင်း ၎င်းကပြောကြားသည်။

ယင်းသို့ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သိမ်းဆည်းမည့်အစီအစဉ်သည် ဩစတြေးလျအစိုးရ၏ ယူရေနီယံတင်ပို့မှုနှင့် ပတ်သက်ဆက်နွှယ်စေခြင်းရှိမည်မဟုတ်ကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တရုတ်ကြွေထည်မြေထည်ပြပွဲ၌ခင်းကျင်းပြသထားသော တရုတ်လက်မှုပညာပန်းအိုးကို ဖေဖော်ဝါရီ ၂၄ရက်က တွေ့ရစဉ်။ (အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၂၈ရက်အထိကျင်းပမည်ဖြစ်ပြီး လက်မှုပစ္စည်း အမျိုးပေါင်း ၁၅၀ ခင်းကျင်းပြသထားသည်။)
(ဆင်ဟွာဓာတ်ပုံ)

လူမပါသောလေယာဉ်အမျိုးအစားသစ် အစ္စရေးလေတပ် စတင်အသုံးပြု

ဂျေရုဆလင် ဖေဖော်ဝါရီ ၂၄

အစ္စရေးလေတပ်(အိုင်အေအက်ဖ်)သည် လူမပါသောလေယာဉ်သစ်(ယူအေဗွီ)တစ်မျိုးကို ဖေဖော်ဝါရီ ၂၁ရက်က စတင်အသုံးပြုကြောင်း၊ ယင်းလေယာဉ်ကိုအသုံးပြုခြင်းသည် လူမပါသောလေယာဉ်တီထွင်ထုတ်လုပ်မှု၏ အရေးပါသောသမိုင်းမှတ်တိုင် စိုက်ထူလိုက်ခြင်းပင်ဖြစ်ကြောင်း အစ္စရေးလေတပ်(အိုင်အေအက်ဖ်)ဦးစီးချုပ် အိုင်ဒိုနီဟိုရှုတန်က တဲလ်အဗစ်မြို့တောင်ဘက်ရှိ တဲလ်နော့ဖ်လေတပ်အခြေစိုက်စခန်းတွင် ဖေဖော်ဝါရီ ၂၁ ရက်ကကျင်းပသော အခမ်းအနားတစ်ရပ်၌ ပြောကြားလိုက်သည်။

အဆင့်အမြင့်ဆုံး

နောက်ထပ်တပ်ဆင်ပြုလုပ်လိုက်သော အဆိုပါလူမပါသည့်လေယာဉ်ကို အီတန်ဟု အမည်ပေးထားကြောင်း၊ ယင်းလေယာဉ်သည် အဆိုပါလေယာဉ်အမျိုးအစားများထဲ၌ ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံး လေယာဉ်အမျိုးအစားဖြစ်ကြောင်း လေယာဉ်တီထွင်ထုတ်လုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီး အီယယ်လ်က ပြောကြားသည်။

ပျံသန်းနိုင်

အီတန်လေယာဉ်သည် အိုင်အေအက်ဖ်မှ လက်ရှိအသုံးပြုနေသည့် အခြားယူအေဗွီလေယာဉ်များထက် အမြင့်ပျံသန်းမှုနှင့် လျင်မြန်မှု ပိုမိုသာလွန်ကြောင်း၊ အရှည် ၁၃ မီတာရှည်ပြီး တောင်ပံအလျား ၂၆ မီတာရှိကြောင်း၊ အမြင့်မီတာ ၁၂၀၀၀ အထိ ပျံသန်းနိုင်ကြောင်းနှင့် အမြန်ဆုံးနှုန်း တစ်နာရီလျှင် ကီလိုမီတာ၂၄၀ ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ခရီးသည်တင်ကား တိမ်းမှောက်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ခရီးသည်တင်ကား တိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

ဟေတီမြေငလျင်ကြောင့် သေဆုံးသူဦးရေ ၃၀၀၀၀၀အထိရှိနိုင်ဟု သမ္မတပြောကြား

ပလာယာဒယ်ကာမင် ဖေဖော်ဝါရီ ၂၄

လွန်ခဲ့သည့်လက ဟေတီနိုင်ငံတွင်ဖြစ်ပွားခဲ့သော အင်အားပြင်းမြေငလျင်ကြောင့် သေဆုံးသူဦးရေသည် ဟေတီနိုင်ငံမြို့တော်ပို့အော်ပရင့်စ်၌ ပြိုကျသွားသောအဆောက်အအုံများအောက်၌ ပိနေသောအလောင်းများအပါအဝင် စုစုပေါင်းသေဆုံးသူ ၃၀၀၀၀၀အထိရှိနိုင်ကြောင်း ဟေတီသမ္မတရီနီပရီဗားလ်က ဖေဖော်ဝါရီ ၂၁ရက်တွင် ပြောကြားသည်။

ပြောကြား

ဓာတ်ပုံများတွင် မြင်တွေ့ခဲ့ကြရသည့်အတိုင်း အလောင်းများကို မိမိတို့ တွေ့မြင်ခဲ့ပြီးဖြစ်ကြောင်း၊ အုတ်ကျိုးအုတ်ပဲ့များကြားတွင် ပိနေသောအလောင်းများ မပါသေးဘဲ မိမိတို့စုဆောင်းရရှိထားသည့် အလောင်းမှာ စုစုပေါင်း ၂၀၀၀၀၀ ကျော်ရှိကြောင်း ဟေတီသမ္မတက ဆက်လက်ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ၌ကျင်းပသည့် လက်တင်အမေရိကနှင့် ကာရေဘီယံခေါင်းဆောင်များအစည်းအဝေးတွင် ဟေတီသမ္မတက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

သေဆုံး

ငလျင်ကြောင့် သေဆုံးသူဦးရေသည် ၃၀၀၀၀၀အထိရှိနိုင်ကြောင်း၊ ဤအရေအတွက်ကိုကြည့်ပါက ဟေတီတွင် လှုပ်သွားသောမြေငလျင်သည် ခေတ်သစ်သမိုင်း၌ သဘာဝဘေးအန္တရာယ်ကြောင့် အများဆုံးသေဆုံးရခြင်းဖြစ်နိုင်ကြောင်း၊ ၂၀၀၄ခုနှစ်ကလည်း အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပွားခဲ့သော ဆူနာမီသဘာဝဘေးအန္တရာယ်ဆိုးကြောင့် လူ ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း ဟေတီသမ္မတက ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန်(အိုင်တီ)စင်တာ တောင်ကိုရီးယား၌ ဖွင့်လှစ်

ဆိုးလ် ဖေဖော်ဝါရီ ၂၄

တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ အမေရိကန်အခြေစိုက် သတင်းပြန်ကြားရေးနည်းပညာ(အိုင်တီ)ဌာနခွဲသစ် ဖွင့်လှစ်ကြောင်း၊ ယင်းသည် ကမ္ဘာတစ်ဝန်း (အိုင်တီ)ပညာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်တွင် ၎င်းနိုင်ငံအစိုးရက ကြေညာသည်။

စုစည်း

အဆိုပါ(အိုင်တီ)ဌာနတွင် သုတေသီ ၃၀ ဖြင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်လုပ်ဆောင်ရန် ကြိုးမဲ့ကြေးနန်းနည်းပညာဖလှယ်မှုနှင့် စက်မှုသတင်းပြန်ကြားရေးဆိုင်ရာတို့ကို စုစည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနည်းပညာဝန်ကြီးက ပြောကြားသည်။

တိုးမြှင့်

နောင်အနာဂတ်ကာလများတွင် (အိုင်တီ)သုတေသနပြုလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ကိုရီးယားသတင်းပြန်ကြားရေးနှင့် ကြိုးမဲ့ကြေးနန်းစင်တာ(စီအီးဒဗလျူအိုင်တီ)ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် ၎င်းလုပ်ငန်းဆိုင်ရာအတွက် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

ဘရာဇီးနှင့်မက္ကဆီကို ပလတ်စတစ်စက်ရုံတည်ဆောက်မည်

ဘရာဇီးနှင့်မက္ကဆီကို နှစ်နိုင်ငံတို့ပူးတွဲ၍ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ကုန်ကျမည့် ပလတ်စတစ်စက်ရုံကြီးတစ်ရုံကို မက္ကဆီကိုနိုင်ငံ ကော့ဇိုကိုကော့စ်မြို့၌ မကြာမီတည်ဆောက်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံကိုယ်စားလှယ်များက ဖေဖော်ဝါရီ ၂၄ရက်တွင် ထုတ်ပြန်သည်။

စင်ကာပူ၌ ဒုတိယအကြီးဆုံးဟိုတယ်ဖွင့်မည်

စင်ကာပူနိုင်ငံ မာရီနာပင်လယ်အော်တွင် အမေရိကန်ဒေါ်လာ ၅ဒသမ၅ဘီလီယံ အကုန်အကျခံကာ တည်ဆောက်ထားသည့် ကာစီနိုဟိုတယ်ကို လာမည့်ဧပြီ ၂၇ရက်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းဟိုတယ်၌ အခန်းပေါင်း ၉၆၃ခန်းပါရှိကြောင်း၊ ပန်းခြံ၊ ပလာဇာနှင့်အပန်းဖြေကစားကွင်းများပါရှိကြောင်း စင်ကာပူအရာရှိများက ဖေဖော်ဝါရီ ၂၄ရက်တွင် ပြောကြားသည်။

တရုတ်တောင်ပိုင်း၌ ဓာတ်အားပေးစက်ရုံပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံတောင်ပိုင်း ရှန်ကျန်မြို့၌ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ ဖေဖော်ဝါရီ ၂၄ရက်က ဓာတ်အားပေးစနစ်ချို့ယွင်းပြီး ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမား ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ မီးလောင်မှုလည်းဖြစ်ပွားခဲ့သဖြင့် အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း ရှန်ကျန်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

တူရကီ၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ၊ ၁၇ဦးသေဆုံး

တူရကီနိုင်ငံအနောက်မြောက်ပိုင်း ဘာလီကီဆာပြည်နယ်တွင် ဖေဖော်ဝါရီ ၂၄ရက်နံနက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၁၇ဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း တူရကီရဲတပ်ဖွဲ့က ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့အနီး ဒန်ဗာ၌ သေနတ်ပစ်မှုဖြစ်ပွား

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီး ဒန်ဗာမြို့ရှိ အလယ်တန်းကျောင်းတစ်ကျောင်း၌ ဖေဖော်ဝါရီ ၂၄ရက်က သေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် ကျောင်းသားနှစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိသွားကြောင်း၊ သေနတ်သမားကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဒန်ဗာမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား ဂျာဗားပြည်နယ်၌ မြေပြိုမှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၂၄ရက်နံနက်က မြေပြိုမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၆၀ကျော်ဒဏ်ရာရရှိခဲ့ကြောင်း၊ နေအိမ်ခုနစ်လုံးခန့်ပျက်စီးသွားကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ဗီယက်နမ်နှင့် ရုရှား အနုပညာနှင့် လက်မှုပညာပူးပေါင်းမည်

ဗီယက်နမ်နှင့် ရုရှားနှစ်နိုင်ငံတို့သည် အနုပညာနှင့် လက်မှုပညာရပ်ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံကိုယ်စားလှယ်များက ဖေဖော်ဝါရီ ၂၄ရက်တွင် သဘောတူလက်မှတ်ရေးထိုးလိုက်ကြကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အိန္ဒိယ နယူးဒေလီမြို့၌ မီးလောင်မှုဖြစ်ပွား

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ သတင်းပြန်ကြားရေးအဆောက်အအုံ၌ ဖေဖော်ဝါရီ ၂၄ရက်က မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး လူ၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆောက်အအုံအစိတ်အပိုင်းအများအပြား မီးလောင်ကျွမ်းခဲ့ကြောင်း နယူးဒေလီမြို့ မီးသတ်တပ်ဖွဲ့မှ ပြောကြားသည်။ (အောက်ပုံ)

ဂျာဗားကျွန်းအရှေ့ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအရှေ့ပိုင်းကမ်းလွန်၌ ဖေဖော်ဝါရီ ၂၄ရက် နံနက်က ရစ်ချ်တာစကေး ၆ အဆင့်ရှိသည့် ငလျင်လှုပ်ခဲ့ကြောင်း၊ နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။

(အင်တာနက်)

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံ ဆရာဝန်အသင်း (မော်လမြိုင်)၏ အဋ္ဌမအကြိမ်မြောက် ဆရာဝန်ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထား မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ

အမျိုးသမီးတိုင်း၊ မိခင်တိုင်း လက်လှမ်းမီအောင် ဝိုင်းဝန်းကူညီ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဖေဖော်ဝါရီ ၁၉ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံ၍ ငါးနှစ်အောက်ကလေးသေဆုံးမှု လျော့ကျနိုင်ရေးအတွက် မွေးကင်းစကလေး ကျန်းမာရေး စောင့်ရှောက်မှုကို အလေးထားဆောင်ရွက်ရန်၊ ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီနိုင်ရေးအတွက် မိခင်နှင့် မွေးကင်းစကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရဖွံ့ဖြိုးမှု၊ မိခင်နို့ချိုတိုက်ကျွေးရေး၊ ကာကွယ်ဆေးထိုးလုပ်ငန်းစသည်တို့ကို ပူးပေါင်းဆောင်ရွက်ရန်၊ မိခင်တိုင်း ကိုယ်ဝန်စောင့်ရှောက်မှု အနည်းဆုံးလေးကြိမ်ခန့် ရရှိစေရန်၊ မွေးဖွားရာတွင် ကျွမ်းကျင်သော ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသည့် ကျန်းမာရေးဝန်ထမ်းများနှင့်သာ မွေးဖွားရန်၊ မွေးဖွားရာတွင်လည်း ဆေးရုံ၊ ဆေးခန်း၊ သားဖွားခန်းများ၌သာ မွေးဖွားစေရန်၊ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အမျိုးသမီးတိုင်း၊ မိခင်တိုင်း လက်လှမ်းမီနိုင်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန် စသည်ဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအတွင်းရှိ စာသင်ဆောင်များ၊ သင်ကြားရေး အထောက်အကူပစ္စည်းများနှင့်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဒုတိယဝန်ကြီးတို့သည် ဖေဖော်ဝါရီ ၂၀ရက်တွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသော မြန်မာနိုင်ငံဆရာဝန်အသင်း (မော်လမြိုင်)၏ အဋ္ဌမအကြိမ်မြောက် ဆရာဝန်ညီလာခံသို့ တက်ရောက်ကြပြီး ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

အရှိန်အဟုန်မြှင့်

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်းအနေဖြင့် မြန်မာ့ဆေးလောက အဆင့်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဆေးပညာပေးလုပ်ငန်းများ၊ ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ၊ လူမှုရေးနှင့် ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက်အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ဆေးရုံများအဆင့်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆရာဝန်တို့၏ ကျင့်ဝတ်သိက္ခာနှင့် အညီလူနာများဘေးအန္တရာယ် ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများကို ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မိခင်နှင့်မွေးကင်းစကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်နှင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်မှာကြားသည်။

လုပ်ငန်းဆောင်ရွက်မှု

ဆက်လက်၍ ပါမောက္ခ ဒေါက်တာမြင့်သောင်းက မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ၏သဝဏ်လွှာကိုလည်းကောင်း၊ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး မြန်မာနိုင်ငံဆရာဝန်အသင်း (မော်လမြိုင်) ဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဆေးနှင့်ဆေးပစ္စည်းပြခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့ဝင်ဆိုင်းဘုတ် မြေခင်းအလှ ဆောင်ရွက်

အိမ်မဲ ဖေဖော်ဝါရီ ၂၄

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် စီမံချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ရက်က မြို့ဝင်ဆိုင်းဘုတ်တွင် အဖွဲ့ဝန်ထမ်းများ မြေခင်းအလှဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့် အမှုဆောင်အရာရှိ ဦးကျော်စိုးတို့ ကြပ်မတ်ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နှင့် လားရှိုးမြို့တို့၌ လူပွဲစားများအား ဖမ်းဆီးရမိ

အမျိုးသမီးငယ်များ လူကုန်ကူးမှုမခံရစေရေး သက်ဆိုင်ရာက အသိပညာပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာအမျိုးသမီးငယ်များအား တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းစားနေသည့် လူပွဲစားများ တစ်ဖက်နိုင်ငံ ရွှေလီမြို့ လုံချမ်းရပ်ကွက် အိမ်အမှတ် (၉၄)တွင် ရောက်ရှိနေကြောင်း မူဆယ်မြို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအထူးအဖွဲ့သို့ တာဝန်သိပြည်သူတစ်ဦးက လာရောက်သတင်းပေးခဲ့သဖြင့် ရွှေလီမြို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့နှင့် ဆက်သွယ်၍ နှစ်နိုင်ငံလူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့များ ပူးပေါင်းဖမ်းဆီးခဲ့ရာ လူပွဲစားနှစ်ဦးဖြစ်သော မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နေ မအေးအေးလှိုင်နှင့် ရန်ကုန်တိုင်း ဒေါပုံမြို့နယ်နေ မမြင့်မြင့်ဝင်းတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖော်ထုတ်သိရှိရ

လူပွဲစားနှစ်ဦးအား မူဆယ်မြို့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးအဖွဲ့က စစ်မေးရာ မအေးအေးလှိုင်သည် ၂၀၀၉ခုနှစ်မှစ၍ ရွှေလီ၌ အခြေပြုပြီး မြန်မာအမျိုးသမီးငယ်များအား တစ်ဖက်နိုင်ငံရှိ အမျိုးသားများထံ ရောင်းစားသည့်အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းထံသို့ လူပွဲစားများဖြစ်သော ဒေါပုံမြို့နယ်နေ မမြင့်မြင့်ဝင်း၊ မသန်းစိန်၊ ထွန်းထွန်းဝင်း၊ လှိုင်သာယာမြို့နယ်နေ မအေးအေးစန်း၊ မခိုင်၊ သန်လျင်မြို့နယ်နေ မစန်းရွှေနှင့် မဌေးတို့က အမျိုးသမီးငယ်များအား လာရောက်ပို့ဆောင်ပေးကြောင်း၊ အမျိုးသမီးငယ်တစ်ဦးလျှင် ငွေကျပ် ၁၂သိန်းပေးကြောင်း၊ ပို့ဆောင်သူပွဲစားက ငွေကျပ်ခုနစ်သိန်းယူပြီး အမျိုးသမီးငယ်အား ငါးသိန်းပေးကြောင်း၊ ၎င်းတို့သည် အမျိုးသမီးငယ်ရှစ်ဦးအား တစ်ဖက်နိုင်ငံ ဖူးကျန့်ပြည်နယ်ရှိ အမျိုးသားများထံ ပို့ဆောင် ရောင်းစားထားကြောင်း ဖော်ထုတ်သိရှိရသည်။

ပြန်လည်ကယ်တင်

အဆိုပါအမှုမှ တရားခံ မအေးအေးလှိုင်၊ မမြင့်မြင့်ဝင်းနှင့် ထွန်းထွန်းဝင်းတို့ သုံးဦးအား ဖမ်းဆီးရမိထားပြီး ကျန်တရားခံများအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖူးကျန့်ပြည်နယ်သို့ ရောင်းစားခံထားရသည့် မြန်မာအမျိုးသမီးငယ်များအား ပြန်လည်ကယ်တင်နိုင်ရေးအတွက် မူဆယ်-ရွှေလီ နယ်စပ်ဆက်ဆံရေးရုံးမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

စနစ်တကျ ပြန်လည်အပ်နှံ

ထို့အတူ လားရှိုးမြို့နယ် ရေပူစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ မူဆယ်မြို့သို့ ထွက်ခွာလာသော ဗင်အငှားယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၁၇ရက် ညနေ ၅နာရီခွဲခန့်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရာ ၁၅နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား ပဲခူးမြို့၌ အလုပ်ရမည်ဟု လိမ်လည်စည်းရုံးပြီး တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ကာ ယင်းနိုင်ငံသား အမျိုးသားများနှင့် အိမ်ထောင်ချပေးရန် စည်းရုံးခေါ်ဆောင်လာသည့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နေ မမြသီတာနိုင်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မစန်းစန်းအောင်တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ လူကုန်ကူးခံရသူ အမျိုးသမီးငယ်အား ၎င်း၏ မိဘများထံ စနစ်တကျပြန်လည်အပ်နှံပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူပွဲစားများသည် အမျိုးသမီးငယ်များအား တစ်ဖက်နိုင်ငံရှိ အထည်ချုပ်စက်ရုံ၌ အလုပ်သွင်းပေးမည်၊ မူဆယ်တွင် ဝင်ငွေကောင်းသော အလုပ်ရမည်၊ ထမင်း၊ ခေါက်ဆွဲဆိုင်များတွင် စရိတ်ငြိမ်း လစာကောင်းကောင်းရမည်၊ ရွှေလီရှိ ကြံစိုက်ခင်းတွင် အလုပ်ရမည်စသည်ဖြင့် အကြောင်းအမျိုးမျိုးပြ၍ စည်းရုံးခေါ်ဆောင်ပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားလျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံသို့ လူကုန်ကူးခံရပြီးနောက် ယင်းနိုင်ငံသားများနှင့် အိမ်ထောင်ချပေးစေကြောင်း၊ လူပွဲစားများ၏ စည်းရုံးခံရမှုနှင့် လူကုန်ကူးမှု မခံရစေရေးအတွက် အမျိုးသမီးငယ်များအနေဖြင့် အထူးသတိပြုကြရန် သက်ဆိုင်ရာက အသိပညာပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တက္ကသိုလ်အင်္ဂလိပ်စာဌာနများ အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ စီစဉ်ကျင်းပမည့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ်၃ရက်မှ ၇ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူအသင်းများ မတ် ၁ရက်နောက်ဆုံးထား၍ ဖုန်း-၅၇၇၄၆၁နှင့် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအားကစားရုံတွင် စာရင်းပေးသွင်းနိုင်သည်။

အခြေခံကာယပညာဆရာ၊ ဆရာမများ သက်ကြီးပူဇော်ပွဲ

ပညာရေးဝန်ကြီးဌာန အခြေခံကာယပညာ ဆရာ၊ ဆရာမများ၏ တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ရန်ကင်းပညာရေးကောလိပ်၌ ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကာယပညာ ဆရာ ဆရာမများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အထက(၂) ကမာရွတ် မြတ်ဆရာပူဇော်မည်

အထက(၂) ကမာရွတ်တွင် ၁၉၈၅ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အင်ဂျင်နီယာအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ် တွေ့ဆုံ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၈ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ကစားလိုသည့် အသင်းဝင်များအနေဖြင့် ဖုန်း-၂၂၆၈၁၇၊ ၀၉-၅၁-၉၂၀၆၂နှင့် ၀၉-၅၁-၄၆၇၂၅ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်သည်။

ပန်းကေရီအလှမယ်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း (၁၆)နှစ်ပြည့် အထိမ်းအမှတ် ပန်းပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းမွေ့လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ မင်းမွေ့ပန်းကွင်းတွင် မတ် ၁ရက်အထိ ကျင်းပလျက်ရှိပြီး ပျိုးပင်အထူးဈေးရောင်းပွဲနှင့်အတူ ပန်းကေရီအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၆၆၂၁၆၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စီးပွားရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

တူဒေးစာအုပ်တိုက် CEO စီးပွားရေးနှင့်စီမံခန့်ခွဲမှု မဂ္ဂဇင်းက ကြီးမှူး၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ချန်ထရီယမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။

ကွန်ပျူတာပညာရှင်အသင်းဟောပြောပွဲ

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ Network ဆိုင်ရာဟောပြောပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် e-Learning Centre တွင် မတ်၄ရက်မှ ၈ရက်အထိ နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်သည်။

အခြေခံပန်းချီသင်တန်း တက်ရောက်နိုင်

ပန်းချီဝါသနာရှင်များအတွက် အခြေခံပန်းချီပညာသင်တန်းကို စနစ်တကျ သင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်လိုသူများ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းမကြီး ၃၄လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား ၁၆၆/၁၆၈ (တတိယထပ်) ဖုန်း-၀၉-၅၀-၇၇၅၆၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

ဝင်းကျော်-စုစည်းသည်

အဖျက်မီးရန် စဉ်တွန်းလှန်
မြန်ပြည်အေးချမ်းမည်

ပညာရေးအခွင့်အလမ်းများပွင့်လန်းရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)

သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း) ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရုံသာမက ပညာရေးကဏ္ဍကို အဆင့်မြှင့်တင်ပေးနိုင်မှုကြောင့် ဒေသနေ ကလေးသူငယ်များ ပညာသင်ကြားခွင့်များ ပိုမိုရရှိနေပြီ ဖြစ်သည်။

ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များအား ခေတ်မီ အီလက်ထရွန်နစ်နည်းပညာများ သင်ကြားပို့ချနေသော ကွန်ပျူတာတက္ကသိုလ်(လားရှိုး)....။ (မြန်မာ့အလင်း)

အကျိုးရလဒ်

ထို့အပြင် တစ်ချိန်က မရှိခဲ့ဖူးသည့် တက္ကသိုလ်ကြီးများ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖွင့်လှစ်ပေးနိုင်မှုကြောင့် ယခုအခါ ဒေသနေ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ဒေသမှာပင် အိုးမကွာ အိမ်မကွာ လက်လှမ်းတမီ တက္ကသိုလ်ပညာ သင်ကြားခွင့်များ ပွင့်လန်းနေပေပြီ။ ဤသည်မှာ နိုင်ငံတော်အစိုးရလက်ထက် အထူးဖွံ့ဖြိုးရေးဇုန်များသတ်မှတ်၍ တက္ကသိုလ်ကြီးများ ဖွင့်လှစ်ပေးနိုင်ခဲ့မှု၏ အကျိုးရလဒ်ပင်ဖြစ်၏။

ပညာရေး

မြန်မာ့အလင်း သတင်းခရီးသည်များသည် မကြာမီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ပညာရေးကဏ္ဍ တိုးတက်ပြောင်းလဲနေသော အခြေအနေများကို လေ့လာသိရှိခွင့်ရခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ပညာရေးမှူးရုံးသို့ ရောက်ရှိခဲ့ရာ ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်မိုးနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။

“ကျွန်တော်တို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ကျောင်းသစ်တွေ နိုင်ငံတော်အစိုးရလက်ထက်မှာ တိုးချဲ့ဖွင့်လှစ်ပေးနိုင်တာကြောင့် ယခုဆိုရင် ဒီဒေသမှာရှိတဲ့ ကလေးတွေဟာ ပညာသင်ကြားခွင့် ပိုမိုရရှိနေကြပါပြီ။ ၁၉၈၈ မတိုင်မီက ဒီဒေသမှာ အခြေခံပညာကျောင်း ၁၃၆၇ ကျောင်းသာ ရှိခဲ့ပါတယ်။ ယခုအခါမှာတော့ ကျောင်းပေါင်း ၁၆၅၅ ကျောင်းအထိ ရှိလာပါပြီ။ ဒါကြောင့်မို့ ကျောင်းပေါင်း ၃၀၀ ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီအထဲမှ မူလတန်းကျောင်း ၁၅၂၀၊ အလယ်တန်းကျောင်း ၇၉ ကျောင်းနဲ့ အထက်တန်းကျောင်း ၅၆ကျောင်းအထိ ရှိလာပါပြီ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခုလုံးအနေနဲ့ ဆရာ ဆရာမဦးရေ ၈၈၈၂ ဦး ရှိပါတယ်။ ဒီလို နိုင်ငံတော်က ကျောင်းသစ်တွေ တိုးချဲ့ဖွင့်လှစ်ပေးပြီး ဆရာ ဆရာမတွေ တိုးမြှင့်ခန့်ပေးထားတာကြောင့် ဒီဒေသမှာ ကလေးတွေ ပညာသင်ကြားခွင့် တိုးပွားနေတာ အားရစရာပါပဲ”ဟု ပြည်နယ်ပညာရေးမှူးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထိုမှဆက်လက်၍ သတင်းခရီးသည်များသည် လားရှိုးမြို့ပေါ်ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်လေ့လာခဲ့ကြသည်။ ကျောင်း၏ ဖြစ်ပေါ်တိုးတက်လာမှုများနှင့် စပ်လျဉ်းပြီး လားရှိုးမြို့ မြို့နယ်ပညာရေးမှူးက လိုက်လံရှင်းပြပေးခဲ့သည်။

“ကျွန်တော်တို့ လားရှိုးမြို့ပေါ်မှာ ၁၉၈၈ ခုနှစ် မတိုင်မီက အထက်တန်းကျောင်း ငါးကျောင်းသာ ရှိပါတယ်။ ယခုအခါမှာတော့ နှစ်ကျောင်း ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်တာကြောင့် မြို့ပေါ်အထကကျောင်း ခုနစ်ကျောင်းအထိ ရှိလာပါတယ်။ ထူးထူးခြားခြား ဒီအမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဟာ တစ်ချိန်က မူလတန်းကျောင်း တစ်ကျောင်းပါ။ ယခုအခါမှာတော့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဦးစီးဦးဆောင်မှုနဲ့ ကျောင်းဆောင်သစ်ကြီး တည်ဆောက်ပေးနိုင်ခဲ့လို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးထားပါပြီ။ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးနဲ့ ကျောင်းရဲ့ ပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများကိုလည်း

ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၌ ဒေသခံ ကျောင်းသား ကျောင်းသူများ ဤသို့ လက်လှမ်းတမီ ပညာသင်ကြားခွင့် ရရှိနေကြပေပြီ။ (မြန်မာ့အလင်း)

စေတနာရှင်ပြည်သူများ ဝိုင်းဝန်းကူညီခဲ့လို့ သင်ကြားမှု၊ သင်ယူမှု ကောင်းမွန်တဲ့ ကျောင်းတစ်ကျောင်းအဖြစ် ရောက်ရှိနေပါပြီ။ ဒီကျောင်းမှာ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူ ၁၃၀၀ကျော်တို့ တက်ရောက် ပညာသင်ကြားနေပါတယ်။ တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားရေးအတွက်လည်း အစစအရာရာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ကျောင်းအုပ်ဆရာကြီး ဦးတင်ငွေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထိုမှ ဆက်လက်၍ လားရှိုးမြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့လည်း ရောက်ရှိခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမြင့်မြင့်အေးနှင့် တွေ့ဆုံခွင့် ရခဲ့သည်။ “ကျွန်မတို့ ဒီကျောင်းမှာ ကျောင်းသား ကျောင်းသူ ၂၂၀၀ကျော် ပညာသင်ကြားလျက်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ညဘက် အချိန်ပိုခေါ်ပြီး မေးခွန်းဟောင်းများဖြေဆိုမှုနဲ့ စာကျက်ဝိုင်း ပြုလုပ်ပေးထားပါတယ်။ ဒီကျောင်းက ပြီးခဲ့တဲ့နှစ်မှာ ဂုဏ်ထူးနဲ့အောင်မြင်တဲ့ ကလေးတွေ များပါတယ်။ ဒီနှစ်မှာလည်း ဂုဏ်ထူးနဲ့ အောင်မြင်တဲ့ကလေးတွေ ပိုမိုများပြားလာရေး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါတယ်”ဟု ကျောင်းအုပ်ဆရာမကြီးက ရှင်းပြသည်။

လားရှိုးတက္ကသိုလ်

ယင်းမှတစ်ဖန် လားရှိုးတက္ကသိုလ်သို့ ရောက်ခဲ့သည်။ လားရှိုးတက္ကသိုလ်သည် ၁၉၇၈ခုနှစ်က ဒေသကောလိပ်အဆင့်မျှသာ ဖြစ်သည်။ ဤဒေသကောလိပ်အား ၁၉၈၀ ခုနှစ်တွင် လားရှိုးကောလိပ်၊ ထိုမှ ၁၉၉၉ ခုနှစ်တွင် လားရှိုးဒီဂရီကောလိပ်ဖြစ်လာပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်၌ လားရှိုးတက္ကသိုလ်ဟူ၍ အဆင့်ဆင့် တိုးတက် ပြောင်းလဲခဲ့ပေသည်။

ဤတက္ကသိုလ်ကြီး၌ ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ် ၁၆ မြို့နယ်တွင် တိုင်းရင်းသားလူမျိုးစု ၁၄မျိုးမှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာဆည်းပူးလျက်ရှိသည်။ ထို့ကြောင့် ဤလားရှိုးတက္ကသိုလ်ကား ပြည်ထောင်စုတက္ကသိုလ်ကြီးပင်ဖြစ်သည်။ လားရှိုးတက္ကသိုလ်၌ ဘာသာရပ် ၁၁မျိုး သင်ကြားပေးလျက်ရှိပြီး မဟာသိပ္ပံနှင့် မဟာဝိဇ္ဇာတန်းများအထိ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကွန်ပျူတာတက္ကသိုလ်(လားရှိုး)

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ကွန်ပျူတာတက္ကသိုလ်ကြီး ပေါ်ထွန်းလာလိမ့်မည်ဟု ၈၀ခုနှစ်လွန် ကာလများဆီက အိပ်မက်ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုမူ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ကြလေပြီ။ လားရှိုးမြို့နှင့် လေးမိုင်အကွာ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေး မယ်ဟန်ကျေးရွာအနီးတွင် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) အဆောက်အအုံကြီးကို ထည်ထည်ဝါဝါ တွေ့လိုက်ရသည်။ ဒေသနေ ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ယူဝမ်းမြောက်စရာပင်။ ကွန်ပျူတာ အတတ်ပညာနှင့် အိုင်တီနည်းပညာများ သင်ယူတတ်မြောက်နိုင်သော မဟာအခွင့်အလမ်း တစ်ရပ်ပင် ဖြစ်သည်။

ကွန်ပျူတာတက္ကသိုလ်(လားရှိုး)ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၄ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိ ကျောင်းသား ကျောင်းသူ ဦးရေ ၂၂၆ဦး ပညာသင်ကြားလျက်ရှိကြောင်း၊ ဒုတိယအကြိမ် ဘွဲ့ပေးပြီးပြီဖြစ်ကြောင်း၊ မဟာတန်းအထိ တက်ရောက်နိုင်ကြောင်း၊ ဘွဲ့ပေးပြီး လက်မှတ်ရ ကျောင်းသား ကျောင်းသူ ၇၂၆ဦးရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနန်းစိုးစိုးအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နိုင်ငံတော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ကွန်ပျူတာတက္ကသိုလ်ကြီးတစ်ခု တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် တစ်ချိန်က ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ၌သာ သင်ကြားခွင့်ရသော ကွန်ပျူတာအတတ်ပညာနှင့် အိုင်တီနည်းပညာများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုယ့်ဒေသမှာပင် အိုးမကွာ အိမ်မကွာ သင်ယူနိုင်မှု အခွင့်အလမ်းများ ရရှိနေပြီဖြစ်သည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

ထိုမှတစ်ဆင့် သတင်းခရီးသည်တို့သည် လားရှိုးမြို့မှ ခုနစ်မိုင်အကွာ လားရှိုး-သိန္နီ ပြည်ထောင်စုလမ်းမကြီးဘေးရှိ နည်းပညာတက္ကသိုလ်(လားရှိုး)သို့လည်း ခရီးဆက်ခဲ့သည်။ ဤနည်းပညာတက္ကသိုလ်(လားရှိုး)ကို ၂၀၀၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ လက်ရှိ ကျောင်းသား ကျောင်းသူ ၇၂၅ဦး ပညာဆည်းပူးလျက်ရှိကြောင်း၊ မြို့ပြအင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်းနှင့် စက်မှုစွမ်းအား အင်ဂျင်နီယာသင်တန်းများ ပို့ချလျက်ရှိကြောင်း၊ နည်းပညာတက္ကသိုလ်(လားရှိုး)မှ ၂၀၀၉ခုနှစ်အထိ အင်ဂျင်နီယာ အတတ်ပညာရှင် ၂၄၀၀ကျော် မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြေခံစက်မှုကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာရေးအတွက် ရှစ်တန်းအောင် ကျောင်းသား ကျောင်းသူများအား G.THS သင်တန်းများလည်း သင်ကြားပေးနေကြောင်း ခေတ္တကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

လားရှိုးမြို့ပေါ်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခွဲကို ဤသို့ သစ်လွင်သပ်ရပ်စွာ တွေ့ရသည်။ (မြန်မာ့အလင်း)

သို့ဖြစ်ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်သကဲ့သို့ လားရှိုးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)နှင့် နည်းပညာတက္ကသိုလ် (လားရှိုး)တို့ကို နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်၍ ဒေသတွင်းရှိ ရင်သွေးငယ်တို့အတွက် ပညာသင်ကြားမှု အခွင့်အလမ်းများ ပိုမိုရရှိနေပြီဖြစ်ကြောင်း သတင်းခရီးတစ်ထောက် ဓွေ့ငှတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နိုင်ငံတော်က နယ်စပ်ဒေသနေ ပညာသင်ကြားရေးအခွင့်အလမ်းများ ပိုမိုရရှိလာစေရေးအတွက် နည်းပညာတက္ကသိုလ်များ ဖွံ့ဖြိုးရေးဒေသကြီးများ၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ လူငယ်လူရွယ်များအတွက်လည်း နည်းပညာတက္ကသိုလ်(လားရှိုး)ကို ဤသို့ ခမ်းနားထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နောင်မွန်မြို့နေ ရပ်မိရပ်ဖများ၊ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် ကြိမ်လက်မှုသင်တန်းများသို့ တက်ရောက်ပညာသင်ကြားနေကြသည့် သင်တန်းသူများ၏ လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများ ချုပ်လုပ်ထားသော သိုးမွေးစက်ဆွဲလက်ရာများ၊ အခြေခံ အိမ်တွင်းမှုလက်ရာများ၊ အုန်းပန်းပုလက်ရာများနှင့် ကြိမ်လက်မှုပစ္စည်းလက်ရာများကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးက ကွန်ပျူတာ တစ်စုံနှင့် တီဗွီတစ်လုံးတို့ကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ကြိုဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ဖန်းမော်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ပူတာအိုမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးနိုင်လွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လေဆိပ်ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျောက်ကတ္တရာဖြင့် မျက်နှာပြင်ညီလွှာခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု၊ ပြေးလမ်းတောင်ဘက်သို့ ပေ (၁၅၀၀ × ၁၀၀) တိုးချဲ့ဆောင်ရွက်မှု၊ ပစ္စည်းစုဆောင်းရရှိမှုနှင့် စက်ယာဉ်ယန္တရား ရောက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ပြေးလမ်းတိုးချဲ့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လေယာဉ်ပြေးလမ်း မျက်နှာပြင်ညီလွှာတင်ခြင်း၊ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် May & Mark Co.,Ltd. ၏ လက်ဖက်ပျိုးခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ သီပွံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာဌာနမှ ဒေါက်တာခင်မြလွင်က လက်ဖက်မျိုးပွားခြင်း သုတေသနဆောင်ရွက်ထားရှိမှု၊ လက်ဖက်မျိုးပင်များ မျိုးကိုင်းမှ မျိုးပွားပုံအဆင့်ဆင့်၊ လက်ဖက်မျိုးပင်များ မျိုးစေ့မှ မျိုးပွားပုံ အဆင့်ဆင့်တို့ကိုလည်းကောင်း၊ လက်ဖက်ပျိုးပင်များ မျိုးပွားခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ပြုလုပ်၍ ဒေသဖွံ့ဖြိုးရေး အတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ပူတာအိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဖုန်ရိမင်က ခရိုင်အတွင်း လက်ဖက်စိုက်ပျိုးရန် လျာထားမှု၊ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် လက်ဖက်စိုက်ပျိုးမည့် သူများအား ကူညီဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုသုတေသနပြုမှုမှရရှိသည့် အောင်မြင်သော မျိုးပွားမှုများနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများအား လက်တွေ့ပြသ ပညာပေး ဆောင်ရွက်ရန်၊ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော မျိုးပင်နှင့် စိုက်ပျိုးမြေတို့ကို စီမံပေးရန်၊ သားစဉ်မြေးဆက် အမွေဆက်ခံနိုင်သည့် စီးပွားရေးလုပ်ငန်းဖြစ်၍ အောင်မြင်အောင် စိုက်ပျိုးရေးကို တောင်သူများအား စည်းရုံး ဆောင်ရွက်သွားရန်၊ ပူတာအိုခရိုင်ကို လက်ဖက်ခရိုင်ဖြစ်စေရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု၊ လက်ဖက်ခြောက်စက်ရုံတည်ထောင်မှု၊ ဒိုင်ဖွင့်ဝယ်ယူမှုတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

မျိုးမြှင့်တင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စံပြနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ သီပွံနှင့် နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာဌာနမှ ဒေါက်တာမြင့်မြင့်ခိုင်က နွားမျိုးမြှင့်တင်ရေး ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဒေသနွားများ မျိုးမြှင့်တင်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စံပြနွားမွေးမြူရေးခြံအတွင်းရှိ မျိုးပွားရန်ထားရှိသည့် မျိုးကောင်းမျိုးသန့် နို့စားနွားမျိုးများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို)နှင့် အစိုးရ နည်းပညာသိပ္ပံ(ပူတာအို) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ထူးထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇက မြေဧရိယာနှင့် အကျယ်အဝန်း၊ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီ မိနစ် ၂၀တွင် နောင်မွန်မြို့သို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နောင်မွန်မြို့နေ ရပ်မိရပ်ဖများ၊ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နောင်မွန်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းနှင့် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နောင်မွန်မြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မင်းထံ အလှူငွေများကို ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မချမ်းဘောမြို့၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား အဝတ်အထည်များ၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် နောင်မွန်မြို့ လုံးမောင်ခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးတို့က မြို့မိမြို့ဖများအား အဝတ်အထည်၊ ဆေးဝါးပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်မွန်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မချမ်းဘောမြို့သို့ ညနေ ၃နာရီ ၃၅မိနစ်တွင် ရောက်ရှိကြရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးတင်မိုးနှင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မချမ်းဘောမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရုံး ဂူဘားခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်များ၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မချမ်းဘောမြို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်မြို့နယ်နှင့် မချမ်းဘောမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ မြို့နယ်ခန်းမများ၌ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ၌ နိုင်ငံတော်၏အင်အားကြီး (၃)ရပ်ဖြစ်သည့် နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုကြောင့် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူများ လက်တွေ့ရရှိခံစားနေရမှု အခြေအနေ၊ ယင်းအခြေခံကောင်းများအပေါ်၌ မိမိ

တို့ စီးပွ... ကြိုးပမ်း... ရေးကိုပါ... ဝိုင်းဝန်း... တည်ဆော... အဆောက... မြေဆက်... တည်တံ့ခို... စောင့်ရှော... ပြည်ထော... အတွင်း၌... အတူတက... ဖြစ်၍ စ... ဖြစ်သည့်... ထားရှိ... ဒေသ လုံ... များ ဆေ... လူထုက... အတူ... မြန်မာသ... ဖြစ်၍ အ... တုတ် ပု... ရေးတို့ကို...

အမှာစကား ပြောကြား...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိ... ခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လ... အား အမှာစကား ပြောကြားစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဖန်းမော်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လက်ဖက်ပျိုးခင်းမ...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်... ၏ လက်ဖက်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစ...

● *ကျောဖုံးမှ*

ဖြစ်ကြောင်း၊ စာအုပ်၏ မူလတန်ဖိုးမှာ အ... မျှသာရှိကြောင်း၊ ယင်းကာတွန်းစာအုပ်၏ မျ... မော်တော်ကားတစ်စီးကို ထူးခြားစွာ 'မ'... ကာတွန်းစာအုပ်အရောင်းဆိုင်မှ ဆက်လက်...

မကြေညာ

သို့သော်လည်း အဆိုပါစူပါမင်းကာတွန်းစာ... များမှာ တစ်သီးပုဂ္ဂလဖြစ်ပြီး ရောင်းချသူမှာ... ဖြစ်ကြောင်း၊ သို့သော်လည်း ယင်းတို့၏ အမည်... အနေအရ ထုတ်ဖော်ကြေညာခြင်းမရှိကြောင်း...

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မချမ်းဘောမြို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပူတာအိုခရိုင်အတွင်းရှိ နောင်မွန်မြို့နယ်နှင့် မချမ်းဘောမြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ မြို့နယ်ခန်းမများ၌ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံရာ၌ နိုင်ငံတော်၏အင်အားကြီး (၃)ရပ်ဖြစ်သည့် နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုကြောင့် ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို ပြည်သူများ လက်တွေ့ရရှိခံစားနေရမှု အခြေအနေ၊ ယင်းအခြေခံကောင်းများအပေါ်၌ မိမိတို့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေးကိုပါ တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး၊ တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်စေရန် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်ခုတည်းသော ပြည်ထောင်စုကြီး၏ အဝန်းအဝိုင်းအတွင်း၌ တိုင်းရင်းသားများအားလုံး အတူတကွ စုပေါင်းနေထိုင်ကြသူများဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရေး၊ နယ်မြေဒေသ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေလူထုက အစိုးရ၊ တပ်မတော်တို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာသည် မြန်မာအတွက် ဖြစ်ရမည်ဖြစ်၍ အခြားတိုင်းတစ်ပါး၏ လက်ကိုင်တုတ် ပုဆိန်ရိုး သူလျှိုဒလန် မဖြစ်စေရေးတို့ကို ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ပူတာအိုလေဆိပ် ပြေးလမ်းတိုးချဲ့မှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နောင်မွန်မြို့ လုံးမောင်ခန်းမ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

လက်ဖက်ပျိုးခင်းများ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် May & Mark Co.,Ltd. ၏ လက်ဖက်ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သုတေသနပြုမှုမှရရှိသည့် အောင်မြင်သော မျိုးပွားမှုများနှင့် စိုက်ပျိုးနည်းစနစ်များကို တောင်သူများအား လက်တွေ့ပြသ ပညာပေးဆောင်ရွက်ရန်၊ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောမျိုးပင်နှင့် စိုက်ပျိုးမြေတို့ကို စီမံပေးရန်၊ သားစဉ်မြေးဆက် အမွေဆက်ခံနိုင်သည့် စီးပွားရေးလုပ်ငန်းဖြစ်၍ အောင်မြင်အောင် စိုက်ပျိုးရေးကို တောင်သူများအား စည်းရုံးဆောင်ရွက်သွားရန်၊ ပူတာအိုခရိုင်ကို လက်ဖက်ခရိုင်ဖြစ်ရေး ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု လက်ဖက်ခြောက်စက်ရုံတည်ထောင်မှု၊ ဒိုင်ဖွင့်ဝယ်ယူမှုတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စီမံဆောင်ရွက်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ရှေဥပမာထား ပုဂ္ဂိုလ် (၇)မျိုး** တရားတော် (ဆရာတော် ဘဒ္ဒန္တဝိလာသ)
- ၆:၅၀ အံ့ဖွယ်ထူးခြား ဖြစ်စဉ်များနှင့် (ဖူးမဝတဲ့ဆံတော်ရှင် ဦးဇိနစေတီ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Panasonic New Products Seminar for Telecom & Imaging Products)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၂)
- ၈:၃၀ Sports World (Snow Board)
- ၈:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတည်ပေါက် နောက်တဲ့သူ**
- ၉:၁၅ အမျိုးသားများနှင့် ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၉:၄၀ Style ရှိမှ Star ဖြစ်မယ်
- ၁၀:၂၅ မိခင်နို့ စနစ်တကျ တိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း (ဒေါက်တာသိန်းသိန်းမြင့်)
- ၁၀:၄၀ နှလုံးသားလေးများ လှစေချင်
- ၁၁:၀၀ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နှစ်ပတ်လည်ပြိုင်ပွဲ
- ၁၁:၂၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတည်ပေါက် နောက်တဲ့သူ**
- ၁၂:၀၅ Vancouver 2010 Olympic Winter Games
- ၁:၀၀ **ရှေဥပမာထား ပုဂ္ဂိုလ် (၇)မျိုး** တရားတော် (ဆရာတော် ဘဒ္ဒန္တဝိလာသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival လန်းတဲ့ကမ်းခြေ
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၂)
- ၄:၀၀ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နှစ်ပတ်လည်ပြိုင်ပွဲ
- ၄:၂၅ အထက(၁) ရန်ကင်း (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၄:၅၀ ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ (ဂီတကဏ္ဍ)
- ၅:၁၀ အမျိုးသားများနှင့် ပတ်သက်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ဒေါက်တာ ပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ အနုပညာမိုးကောင်းကင်
- ၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Panasonic New Products Seminar for Telecom & Imaging Products)
- ၇:၀၀ Fashion Music Festival လန်းတဲ့ကမ်းခြေ
- ၇:၃၅ ဈေးဝယ်လမ်းညွှန် (The Face Shop)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Style ရှိမှ Star ဖြစ်မယ်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၂)
- ၁၀:၀၀ Sunday Talk
- ၁၀:၅၀ ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ (ဂီတကဏ္ဍ)
- ၁၁:၀၅ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
- ၁၁:၂၀ အနုပညာမိုးကောင်းကင်
- ၁၁:၄၅ သတ္တုတူးဖော်သော ရွာကလေး
- ၁၁:၅၅ **အား....နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇရော၊ မျိုးမျိုးခိုင် (ဒါရိုက်တာ- ဖုန်းမြင့်အောင်)
- ၁၂:၁၀ သနပ်ခါးနှင့်ထပ်တူ
- ၁၂:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မတ်လထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကိုဇော်ဝင်း၏ ပန်းချီလက်ရာနှင့်အတူ ဇော်မင်းမင်းဦး၊ မောင်နီဝင်း (ပခုက္ကူ)၊ ညွန့်ဝေ(ကသာ)၊ ကို(တက္ကသိုလ်)၊ မောင်ပေမာ၊ သူရဇော်၊ မောင်ဆွေငယ်၊ နောင်ဝင်းထွန်း၊ ချို့မြနွယ်၊ မနွေ၊ ကျော်စွာသူ (သာယာဝတီ)၊ အေးမျိုးကြည်၊ ဖိုးရန်နိုင်(ကျောက်ကြီး)တို့၏ ရသစုံကဗျာ ပုံရိပ်များနှင့်အတူ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ ကြယ်ကြယ်တို့၏ ကာတွန်းလက်ရာများ၊ ရှင်ဉာဏ(ဖျာပုံ)၊ စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ ချစ်စံဝင်း၊ မင်းယုဝေ၊ မကြန်၊ မောင်ခင်မင်(ဓနုဖြူ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဗိုလ်ကလေးတင့်အောင်၊ မြင်းမူမောင်နိုင်မိုး၊ ညောင်ဦးဖိုးချို၊ ကိုခန့်(သုတေသန)၊ မောင်စူးစမ်း၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ နိုင်ဇော်၊ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)၊ မြင့်ဆွေ (မျက်စိအတု)၊ သက်နောင်(ရာစုသစ်)၊ လှဘုန်းအောင်၊ ရဲမာန်ခ၊ တက္ကသိုလ်တင်ခ၊ သော်ဇင်သစ်၊ သက်နှင်းအောင်၊ မောင်ကြည်သစ်ဦး၊ ရဲမြင့်သိန်း (မွန်မြတ်စေတနာ)၊ ဒေါက်တာဦးစံတင်အောင်(ရွှေဘို)တို့၏ သုတရသဆောင်းပါးများ၊ ဆောင်းဝင်းလတ်၊ မင်္ဂလာချင်အောင်၊ ကုမုဒြာ၊ တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)၊ ဒေါက်တာခင်မောင်ညို၊ မုဒုံ-သုမွန်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များကို နှစ်သက်ဖွယ်ရာ ဖတ်ရှုကြရမည် ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃တို့သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ဖြစ်ကြောင်း၊ စာအုပ်၏ မူလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀ဆင့်မျှသာရှိကြောင်း၊ ယင်းကာတွန်းစာအုပ်၏ မျက်နှာဖုံးပုံမှာ စူပါမင်းက မော်တော်ကားတစ်စီးကို ထူးခြားစွာ 'မ' ပြထားသည့်ပုံဖြစ်ကြောင်း ကာတွန်းစာအုပ်အရောင်းဆိုင်မှ ဆက်လက်ပြောကြားသည်။

မကြေညာ

သို့သော်လည်း အဆိုပါစူပါမင်းကာတွန်းစာအုပ်ကို ဝယ်ယူသွားကြသူများမှာ တစ်သီးပုဂ္ဂလဖြစ်ပြီး ရောင်းချသူမှာလည်း ပုဂ္ဂလိကပိုင်ဆိုင်သူဖြစ်ကြောင်း၊ သို့သော်လည်း ယင်းတို့၏ အမည်များကို လုံခြုံရေး အခြေအနေအရ ထုတ်ဖော်ကြေညာခြင်းမရှိကြောင်း သိရသည်။ ။

(အင်တာနက်)

ထူးခြားသည့် ညအပူချိန်

၂၄-၂-၂၀၁၀

နမ့်စန်မြို့

၄ ဒီဂရီစင်တီဂရိတ်

အမ်းမြို့

၄ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ် **(တနင်္ဂနွေနေ့)**

(၂၈-၂-၂၀၁၀) ရက်နေ့

၂၀၁၀ ခုနှစ် မတ်လအတွက်

(၁၄-၃-၂၀၁၀) ရက်နေ့

နှင့်

(၂၈-၃-၂၀၁၀) ရက်နေ့

တောင်သူလယ်သမားများ၏ လူမှုစီးပွားမြင့်မားတိုးတက်လာစေရေး ဆည်တမံအကြီးစားများသာမက ကျေးလက်ဆည်ကန်ငယ်များ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက ပြုပြင်တည်ဆောက်ပြီးစီးသော အင်းကန်သို့ ရောက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မူလကန်ကို ရေပိုမိုသိုလှောင်နိုင်ပြီး ခိုင်ခံ့မှုရှိရန် အလျားပေ ၁၆၀၀၊ အမြင့် ၁၁ပေရှိ၍ လယ်မြေဧက ၃၀၀ကို ရေပေးဝေနိုင်သည့် ဆည်ငယ်အဖြစ် ပြုပြင်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ပြုပြင်တည်ဆောက်ပြီးစီးသည့် ဆည်ကန်ငယ်၏ ကန်ပေါင်၊ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေရှည်အသုံးပြု

ယင်းနောက် ဝန်ကြီးသည် ဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ တောင်သူလယ်သမားများ၏ လူမှုစီးပွား မြင့်မားတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးရေနှင့် သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် ဆည်ရေလှောင်တမံအကြီးစားများသာမက ယခုကဲ့သို့ ကျေးလက် ဆည်ကန်ငယ်များကိုလည်း လိုအပ်ချက်အရ ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဆည်ကန်များကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို မှာကြားပြီး အင်းကန်ကျေးရွာ မူလတန်းကျောင်းအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်း၍ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

ရှင်းလင်းတင်ပြ

ထို့မှတစ်ဆင့် ဝန်ကြီးသည် ရမည်းသင်းမြို့နယ် ငှက်သိုက်ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက ပြုပြင်တည်ဆောက်ပြီးစီးသည့် လယ်သာကန်နှင့် ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံက လယ်သာကန်ကို ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် ရမည်းသင်းမြို့နယ်အတွင်း အင်းကန်၊ လယ်သာကန်နှင့် ဦးမင်းနိုင်ကန် စုစုပေါင်း ကျေးလက်ကန်ငယ် သုံးကန် ပြုပြင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ကူညီဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ငှက်သိုက်ကျေးရွာမှ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များ၊ ကျေးလက်ဒေသ ရေရရှိရေး ကိစ္စရပ်များကို မှာကြားပြီး ကျေးလက်ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးပစ္စည်း၊ ဆေးဝါးနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်းထံ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းက မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းသည့် ဆေးပစ္စည်း၊ ဆေးဝါးနှင့် ဆေးပဒေသာပင် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃၃၀၀၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (၁၂၇)

သီရိလင်္ကာနိုင်ငံ စွယ်တော်တိုက် ဂေါပကအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စွယ်တော်တိုက် ဂေါပကအဖွဲ့တို့ လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ရွှေတိဂုံစေတီတော် (၂၅၉၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ တက်ရောက်ရန် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စွယ်တော်တိုက် ဂေါပကအဖွဲ့ဝင် Deputy Custodiam, Mr.Mohan Tamabokke နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စွယ်တော်တိုက် ဂေါပကအဖွဲ့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Newton Gunaratna၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မိခင်နှင့်ကလေးသေဆုံးမှု လျော့ကျရေး ကြံခင်းမြို့တွင် ညှိနှိုင်းပွဲကျင်းပ

ကြံခင်း ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း ကြံခင်းမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် မိခင်နှင့် အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုလျော့ကျရေး အသိပညာပေးဟောပြောပွဲနှင့် မြို့နယ်စီမံချက်ရေးဆွဲခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ဇင်ပြုံးက ရှင်းလင်းတင်ပြသည်။

တင်ပြညှိနှိုင်း

ထို့နောက် တက်ရောက်လာသော ကျန်းမာရေးဝန်ထမ်းများ၊ ကော်မတီဝင်များ၊ မိခင်ကလေးနှင့် ပြည်သူလူထုအထောက်အကူပြု အဖွဲ့ဝင်များက ၂၀၁၀ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြညှိနှိုင်းကြသည်။ **(မြို့နယ်ကျန်းမာရေး)**

ဖေဖော်ဝါရီ ၂၃ရက်က မန္တလေးတိုင်း စိုက်ပျိုးရေးဝန်မင်း ဦးအောင်မြင့်အားရည်စူး၍ ရန်ကုန်မြို့ ရွှေနှင်းဆီလမ်း ရှစ်မိုင်ခွဲ မရမ်းကုန်းမြို့နယ်နေ ဇနီးဒေါ်ခင်ခင်လတ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အဆောက်အအုံဆောက်လုပ်လှူဒါန်းနိုင်ရန်အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။ (သတင်းစဉ်)

Alliance Stars Showroom & Service Center အသစ်ဖွင့်ပွဲ ကျင်းပမည်



ရန်ကုန် ဖေဖော်ဝါရီ ၂၄

Alliance Stars Showroom & Service Center (ဗိုလ်အောင်ကျော်) စင်တာသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ရက် (တပေါင်းလပြည့်နေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ၄င်းစင်တာတည်ရှိရာ အမှတ် ၃၇၉/၃၈၃ ဗိုလ်အောင်ကျော်လမ်း(မြန်မာတိုင်းမ်ရုံးဘေး) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဖွင့်လှစ်ထား

Alliance Stars ကုမ္ပဏီသည် Brother Printer(JAPAN) နှင့် Infocus Projector (USA) တို့ကို မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်းဖြန့်ချိရောင်းချလျက်ရှိပြီး Showroom အသစ်တွင် တင်သွင်းဖြန့်ချိနေသည့် ပစ္စည်းများ၏ Model မျိုးစုံကို ခင်းကျင်းပြသထားသည့်အပြင် **(အပေါ်ပုံ)** Sale & Service Center ကိုလည်း ပူးတွဲဖွင့်လှစ်ထားသည်။

Showroom အသစ်တွင် Brother Printer နှင့် Infocus Projector များအပြင် နိုင်ငံတကာ အသိအမှတ်ပြု အမှတ်တံဆိပ်များဖြစ်သော HP, Acer, MSI, Apple, Netgear, DLink, Linksys, Lenovo, Sanyo, Panasonic, View Sonic စသည့် Product Accessories ပစ္စည်းများအပြင် POS (Point of Sale) နှင့် Barcode Solution Product များကိုပါ ရောင်းချ၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

Alliance Stars Showroom နှင့် Service Center ကို နံနက် ၉နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ် ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက Alliance Stars Showroom & Service Center (ဗိုလ်အောင်ကျော်) ဖုန်း-၃၈၃၃၃၉၊ ၃၇၉၀၀၁တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများအား ထိုင်းကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာပွင့်ဆန်း၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ Khon Kaen မြို့ရှိ Mekong Institute မှ Consultant, Program Coordination and Communications Mrs. Joy Ogan ခေါင်းဆောင်သော အဖွဲ့ဝင်နှစ်ဦးသည် ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မဟာမဲခေါင်ဒေသ အဖွဲ့ဝင်နိုင်ငံများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လုပ်ကိုင်သင့်သော သင်တန်းများကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေသအတွင်း လွယ်ကူစွာ ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် ကျင်းပသင့်သော ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများကိစ္စ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လုပ်ကိုင်သင့်သော ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေနှင့် မောင်တောမြို့နယ်တို့၌ သင်တန်းကျောင်းများ ညွှန်ကြားရေးမှူးစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဦးသည် ဖေဖော်ဝါရီ ၁၂ရက်မှ ၁၄ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (မောင်တော) တို့သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်

ညွှန်ကြားရေးမှူးသည် ကျောင်းများ၏ အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ကျောင်းသားများ၏ အတန်းစဉ်အလိုက် အောင်ချက်မြင့်မားရေး၊ ပြည်ထောင်စု စိတ်ဓာတ်ခိုင်မာရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ သင်တန်းသူများသည် ကျွမ်းကျင်စွာ တတ်မြောက်ပြီး ရေရှည်အကျိုးရှိစွာ အသက်မွေးမှုပညာများကို ဆက်လက်လုပ်ဆောင်နိုင်ရေး၊ တီထွင်ကြံဆမှုများနှင့် ဒေသထွက်ပစ္စည်းများကို ထိရောက်စွာ အသုံးပြုထုတ်လုပ်နိုင်ရေး၊ ကျောင်းများ၏ ရည်မှန်းချက် ပေါက်မြောက်အောင်မြင်ရေးတို့ကို ကျောင်းသားများ၊ သင်တန်းသူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးထွန်းဦး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (စစ်တွေ)၌ ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်စည်ပင်)

ပါကေး ကြမ်းခင်းခြင်း သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မြန်မာ့ကြမ်းခင်းနည်းပညာနှင့် အပြည်ပြည်ဆိုင်ရာ ကြမ်းခင်းခြင်းနည်းပညာတို့ ပါဝင်သော ပါကေးကြမ်းခင်းခြင်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန၌ ကျင်းပရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိန်လွင်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်များ၊ အသင်းဝင်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၆၀တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

အိုင်တီနည်းပညာအသုံးချမှုကို ပိုမိုသိရှိနိုင်မည့်

Software & Solutions Exhibition 2010 ပြပွဲ

အိုင်တီသတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ➢ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အိုင်တီနည်းပညာကား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်။ အိုင်တီနည်းပညာကို လေ့လာလိုက်စားသော လူငယ်များ တစ်နေ့တခြား တိုးပွားလာသည်။ လူငယ်များ ခေတ်မီ အိုင်တီနည်းပညာ လေ့လာသိရှိနိုင်ရန်နှင့် အိုင်တီထုတ်ကုန်များကို ထိတွေ့အသုံးပြုနိုင်ရန်လိုအပ်သည်။

ကျင်းပမည်

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများပြပွဲကို အဆက်မပြတ် ကျင်းပပေးလျက်ရှိရာ Software & Solutions Exhibition 2010 ကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ၌ ဖေဖော်ဝါရီ ၂၆ရက် **(မနက်ဖြန်)**မှစ၍ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် ပြပွဲကျင်းပရမှုနှင့် ပတ်သက်ပြီး သိရှိရန် မြန်မာ့အလင်း သတင်းအဖွဲ့က မြန်မာအင်ဖိုတက်ခ်သို့ သွားရောက်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း တွဲဖက်အတွင်းရေးမှူး (၂)နှင့် ပြပွဲ ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ဒီပြပွဲကတော့ ပထမဆုံးအကြိမ် ကျင်းပတဲ့ Software & Solutions Exhibition 2010 ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကျင်းပရတာကတော့ အိုင်စီတီအသုံးပြုသူများဖြစ်တဲ့ စီးပွားရေးလုပ်ငန်းတွင် စက်မှုလုပ်ငန်းရှင်တွေနဲ့ အိုင်စီတီ Solution ထုတ်လုပ်သူတွေအကြား ချိတ်ဆက်ပေးနိုင်ရေး မြန်မာနိုင်ငံမှာအသုံးပြုရန် အသင့်ဖြစ်နေတဲ့ အိုင်စီတီ Solution ကို သိရှိနားလည် သဘောပေါက်ကြစေရန်၊ အိုင်စီတီ အသုံးချနိုင်မှုကို သိရှိနားလည်ပြီး အိုင်စီတီနည်းပညာအသုံးချမှု ပိုမိုတိုးတက်ကျယ်ပြန့်လာစေရန်၊ အရည်အသွေးမီ အိုင်စီတီဆော့ဖ်ဝဲလ်နဲ့ Solution ထုတ်လုပ်နိုင်သူများ ထွက်ပေါ်လာစေရေးအတွက် ကျင်းပပြုလုပ်တဲ့ Myanmar ICT Awards မှ ဆုရရှိသူများကို ချီးမြှောက်ရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခြင်း ဖြစ်ပါတယ်"ဟု ဦးဇော်မင်းဦးက သတင်းအဖွဲ့သို့ ရှင်းပြသည်။

ယခုပြပွဲတွင် ကုမ္ပဏီပေါင်း ၂၀ကျော်မှ ပြခန်းပေါင်း ၄၀ကျော် ပါဝင်ခင်းကျင်းပြသမည်ဖြစ်သည်။ ဆိုင်ခန်းတစ်ခန်းလျှင် ၁၅ပေပတ်လည် ကျယ်ဝန်းသဖြင့် ပစ္စည်းများကို သပ်ရပ်စွာ ပြသနိုင်ပြီး လာရောက်လေ့လာသူများအတွက်လည်း စိတ်အေးချမ်းသာစွာ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

"အိုင်စီတီနည်းပညာ အသုံးချမှု ပိုမိုတိုးတက် ကျယ်ပြန့်လာစေရန် ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်"

ဦးဇော်မင်းဦး
တွဲဖက်အတွင်းရေးမှူး (၂)
မြန်မာနိုင်ငံ
ကွန်ပျူတာလုပ်ငန်းရှင်အသင်း။

"ပြခန်းတွေမှာတော့ ဆော့ဖ်ဝဲလ်ထုတ်လုပ်သူများက ဖန်တီး တီထွင်ထုတ်လုပ်ထားတဲ့ ဆော့ဖ်ဝဲလ် Solution တွေကို ပြခန်းတွေမှာ ပြသထားမှာဖြစ်ပါတယ်။ အဲဒီပြသထားတဲ့ ဆော့ဖ်ဝဲလ် Solution တွေကို အသုံးပြုပုံ၊ စွမ်းဆောင်နိုင်မှု အခြေအနေတွေကို သဘောပေါက်နားလည်အောင် ရှင်းလင်းပြသမယ့် Product Presentation တွေ၊ အမြင်ချင်းဖလှယ်နိုင်တဲ့ Panel Discussion တွေကိုလည်း ပြုလုပ်ပေးမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

စုံစုံလင်လင်

ယခုကဲ့သို့ ပြပွဲကျင်းပခြင်းဖြင့် ကုမ္ပဏီများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအနေဖြင့် ပြည်တွင်းရှိ ဆော့ဖ်ဝဲလ် Solution များကို တစ်နေရာတည်း စုံစုံလင်လင် တွေ့မြင်ကြရမည်ဖြစ်သည်။ ပြပွဲကာလအတွင်း Product Presentation နှင့် Panel Discussion များကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အပါအဝင် ညီနောင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

"ဒီပြပွဲမှာ ပါဝင်ပြသမယ့် ပြခန်းတွေကိုတော့ မြန်မာအင်ဖိုတက်ခ် ပင်မအဆောက်အအုံမှာရှိတဲ့ ဆွေးနွေးပွဲခန်းမနဲ့ အခန်းအမှတ် (၂၀၅)မှာ ပြသမှာဖြစ်သလို ဆော့ဖ်ဝဲလ် Solution တွေနဲ့ အခြားကဏ္ဍတွေကိုတော့ Function Hall (၁)နဲ့ (၂) တို့မှာ ပြသပေးမှာဖြစ်ပါတယ်။ ဒီပြပွဲကို မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါတယ်"ဟု ဦးဇော်မင်းဦးက သတင်းအဖွဲ့သို့ ဆက်လက်ရှင်းပြသည်။

ဆွေးနွေးမည်

ပြပွဲပထမနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၂၆ရက်တွင် e-Government Day အဖြစ်သတ်မှတ်ပြီး ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအတွက် အဓိကထားကာ Product Presentation ၌ e-Government ဆိုင်ရာ လုပ်ငန်းများ ဆွေးနွေးကြမည်ဖြစ်သည်။

ပြပွဲဒုတိယနေ့နှင့် တတိယနေ့များဖြစ်သည့် ဖေဖော်ဝါရီ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများအတွက် ပညာရေးကဏ္ဍဆိုင်ရာများကိုလည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် အထွေထွေကုန်သွယ်မှုကဏ္ဍ၊ ထုတ်လုပ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ စသည်တို့ကို ကဏ္ဍအလိုက် အခန်းများခွဲပြီး Product Presentation ပြုလုပ်ကာ ရှင်းလင်းတင်ပြကြမည် ဖြစ်သည်။

"ဒီပြပွဲမှာ ထူးခြားတာက ၂၀၀၉ ခုနှစ်အတွက် Myanmar ICT Awards အတွက် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းဝင် အခြေခံပညာကျောင်းများမှ ဆရာနဲ့ ကျောင်းသားတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေ၊ ပညာရှင်နဲ့ လုပ်ငန်းရှင်တွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ Mobile Application of the Year နဲ့ Website of Year ပြိုင်ပွဲတွေမှာ ဆုရရှိခဲ့တဲ့သူတွေကို ဒီပြပွဲရဲ့ ဖွင့်ပွဲနေ့မှာ ဆုချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးဇော်မင်းဦးက သတင်းအဖွဲ့သို့ ရှင်းပြသည်။

ထို့ကြောင့် အိုင်တီထုတ်ကုန်ဖြစ်သည့် ဆော့ဖ်ဝဲလ်များ၊ ဆော့ဖ်ဝဲလ် Solution များကို လေ့လာနိုင်ရန်နှင့် အသုံးပြုပုံများ၊ စွမ်းဆောင်မှုများအား သိရှိနိုင်သည့်အပြင် တစ်ဦးချင်းအနေဖြင့်လည်း မိမိတို့ တီတွင်ထုတ်လုပ်ထားသည့် ဆော့ဖ်ဝဲလ်များကို လွတ်လပ်စွာ လာရောက်ပြသ၍ရသည့် "Software & Solution Exhibition 2010"သို့ သွားရောက် လေ့လာသင့်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဆော့ဖ်ဝဲလ်ဆိုင်ရာပြပွဲ ခင်းကျင်းပြသမည့် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အိုင်စီတီနည်းပညာပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF) က ကြီးမှူး၍ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA) တို့မှ ပူးပေါင်းကျင်းပမည့် Software & Solutions Exhibition 2010 ကို ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အထိ လှိုင်တက္ကသိုလ်နယ်မြေအတွင်းရှိ Myanmar Info-Tech တွင် ကျင်းပသွားမည်ဖြစ်သည်။

အမြင်ချင်း

ပြပွဲလာသူများအနေဖြင့် ပြည်တွင်းရှိ Software Solution များကို တစ်နေရာတည်း စုံစုံလင်လင် တွေ့မြင်ရမည်ဖြစ်ပြီး ကုမ္ပဏီပေါင်း ၂၀ကျော်မှ ပြခန်းပေါင်း ၃၀ကျော် ပြသသွားမည်ဖြစ်သည်။ ပြပွဲပြသသောအခါတွင် Product Presentation နှင့် Panel Discussion များကို အစိုးရဌာနမှ CIO (Chief Information Officer) များ၊ မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) အပါအဝင် ညီနောင်အသင်းများနှင့် ပူးပေါင်းတင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ IT နည်းပညာကို စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၅ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၁၅ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၂၅ ၈။ ကုသမနေး တီဘီဘေး
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၁၅ ၁။ တက္ကသိုလ်၊ ဒီဂရီကောလိပ် လက်ရွေးစင်အသင်း ဘောလုံးပြိုင်ပွဲ (နောက်ဆုံးဗိုလ်လုပွဲ) တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အထက်မြန်မာပြည်ဇုန် လက်ရွေးစင်အသင်းနှင့် အောက်မြန်မာပြည်ဇုန် လက်ရွေးစင်အသင်း)
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၃၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၃၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၄၅ ၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၁၄) မိုးမိုး၊ သူရလင်း၊ သဇင်၊ မေမျိုးသင်း (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၄၀ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၃)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၂၀)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၄)
- ၁၇။ အစီအစဉ်ပြီး၏။

မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းကြီး၏ သက်တမ်းတစ်လျှောက်တွင် သမိုင်းအစဉ်အလာကြီးမားလှသော ကျေးဇူးရှင်ဆရာကြီး ဦးဘရွှေအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဆရာကြီး၏တပည့် ကျောင်းသား ကျောင်းသူဟောင်းများက ကြီးမှူး၍ မတ် ၂၂ရက်တွင် ပုလောမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူ ရပ်ဝေးရပ်နီးမှ တပည့်များအနေဖြင့် ရန်ကုန်မြို့တွင် ပုလောမြို့နယ်အသင်း ဖုန်း-၀၁-၂၂၀၃၂၄၊ ဦးဘုန်းဝေ ဖုန်း-၀၁-၃၈၈၀၃၆၊ ဦးသိန်းတင် ဖုန်း-၀၁-၆၆၇၈၆၁၊ ဦးဟုတ်ရွှေ ဖုန်း-၀၁-၅၄၆၁၀၆၊ ဦးကြီးညွန့် ဖုန်း-၀၁-၂၉၆၉၆၂၊ ဦးချစ်ထွေး ဖုန်း-၀၁-၇၀၆၁၇၇၊ ဒေါ်မြခင် ဖုန်း-၀၁-၆၆၃၆၉၀၊ ဒေါ်သန်းဝင်း ဖုန်း-၀၁-၅၄၄၁၆၉၊ ပုလောမြို့တွင် ဦးတင်ကြွယ် ဖုန်း-၀၅၉-၃၀၄၂၉၊ ဦးလှဝင်းကြည် ဖုန်း-၀၅၉-၃၀၀၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

တံတားပြုပြင်

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝါတိုးရပ်ကွက်အတွင်းရှိ တံတားပြုပြင်နေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဒေါ်ညိုညိုရီ ကြီးကြပ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ
ပို့ဆောင်ရေးအသင်း ငါးကြိမ်မြောက်ဖိုလ်စွဲ

သတင်းဆောင်းပါး- ကိုထွေး
ဓာတ်ပုံမှတ်တမ်း- တင်မောင် (ပြည်တွင်းရေးကြောင်း)
စာမျက်နှာဖွဲ့စည်းမှု- လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၁၀ခုနှစ် နဝမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဖိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းက ပြည်ထဲရေးအမျိုးသမီးဘောလုံးအသင်းကို အနိုင်ရ ဖိုလ်စွဲသွားသည်။

ငါးကြိမ်မြောက်ဖိုလ်စွဲ

ပို့ဆောင်ရေးအမျိုးသမီး ဘောလုံးအသင်းသည် အဋ္ဌမအကြိမ်မြောက် ပြိုင်ပွဲတွင် ပြည်ထဲရေးအမျိုးသမီးဘောလုံးအသင်းကို အနိုင်ရရှိပြီး ဖိုလ်စွဲခဲ့ရာ ယခုပြိုင်ပွဲ၌ ဖိုလ်စွဲခြင်းသည် နှစ်နှစ်ဆက်တိုက် ဖိုလ်စွဲခြင်းဖြစ်သကဲ့သို့ ငါးကြိမ်မြောက် ဖိုလ်စွဲခြင်းလည်း ဖြစ်သည်။

နဝမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၅ရက်မှ စတင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးဘောလုံးအသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင် ခြောက်သင်းကို အုပ်စုပတ်လည် အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်စေပြီး အုပ်စုပထမနှင့် အုပ်စုဒုတိယရရှိသော နှစ်သင်း ဖိုလ်လုပွဲယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။

နဝမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ တွင် အနိုင်ရဖိုလ်စွဲသွားသော ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ဖိုလ်စွဲ

အုပ်စုပတ်လည် အမှတ်ပေးအဆင့်တွင် ပြည်ထဲရေးအသင်းက ပို့ဆောင်ရေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဖိုလ်လုပွဲ၌ ပြန်လည်ဆုံတွေ့သောအခါ ပို့ဆောင်ရေးအသင်းက ပြည်ထဲရေးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိပြီး ဖိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ရေးအသင်းနှင့် ပြည်ထဲရေးအသင်းတို့သည် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲတစ်လျှောက် ဖိုလ်လုပွဲစဉ်၌ ခြောက်ကြိမ်ဆုံတွေ့ခဲ့ပြီး ပြိုင်ဘက်ကောင်းနှစ်သင်းဖြစ်ကြသည်။ နှစ်သင်းစလုံးတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှ ကစားသမားများ ပါဝင်ကြ၍ ၎င်းတို့နှစ်သင်းဆုံတွေ့သည့် ဖိုလ်လုပွဲစဉ်တိုင်းသည် အကြိတ်အနယ်ရှိပြီး အပြန်အလှန်ထိုးဖောက်ကစားနိုင်ကြသည်။

ပယ်နယ်တီအဆုံးအဖြတ်

ယခုနှစ် ဖိုလ်လုပွဲစဉ်၌ ပို့ဆောင်ရေးအသင်းသည် အလယ်တန်းလူ အေးနန္ဒာလှိုင်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူသောဂိုးဖြင့် ပထမပိုင်း၌ ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းခေါင်းဆောင် စန်းစန်းမော်က အလွတ်တည်ကန်ဘောမှပင် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။ အချိန်ပို မိနစ် ၃၀ပြီးဆုံးသည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိ၍ ပယ်နယ်တီ ကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရခြင်းဖြစ်သည်။

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၀၁ခုနှစ်မှစတင်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲအပါအဝင် ပို့ဆောင်ရေးအသင်းက ငါးကြိမ်၊ ပြည်ထဲရေးအသင်းက သုံးကြိမ်၊ မြို့တော်စည်ပင်အသင်းက တစ်ကြိမ် ဖိုလ်စွဲခဲ့ကြသည်။

ညီညီညွတ်ညွတ်

နည်းပြချုပ် ဦးဝင်းစိန်က ပြိုင်ပွဲယှဉ်ပြိုင်ခဲ့မှု အခြေအနေနှင့်ပတ်သက်၍ ''ပြိုင်ပွဲမစမီ ဇန်နဝါရီ ၁ရက်မှစပြီး ပြိုင်ပွဲပြီးဆုံးသည်အထိ စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ နည်းစနစ်ပိုင်းအနေနဲ့ကတော့ တစ်ဖက်အသင်းရဲ့ အနေအထားကိုကြည့်ပြီး လူအပြောင်းအလဲလုပ်ကစားပါတယ်။ ၄-၄-၂ပုံစံနဲ့ ၄-၁-၃-၂ ပုံစံတွေကို ပွဲအခြေအနေပေါ်မူတည်ပြီး နည်းစနစ်ချမှတ်ကစားခဲ့ပါတယ်။ ဖိုလ်လုပွဲက တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ကစားနိုင်ကြလို့ ပွဲကောင်းတစ်ပွဲ ဖြစ်ပါတယ်။ တစ်သင်းလုံး ညီညီညွတ်ညွတ် ကစားခဲ့လို့ အနိုင်ရတာဖြစ်ပါတယ်''ဟု ပြောကြားသည်။

လက်ထောက်နည်းပြ ဦးခင်မောင်မြင့်ကလည်း ''ပြည်ထဲရေးအသင်းနဲ့ တွေ့ရင် အမြဲတမ်း ပွဲကောင်းပါတယ်။ ပြည်ထဲရေးအသင်းက အုပ်စုပွဲမှာ အနိုင်ရထားတော့ ကစားသမားတွေကို ရှုံးကြေးဆပ်နိုင်ရမယ်ဆိုပြီး စိတ်ဓာတ်မြှင့်တင်ပေးခဲ့ရတယ်။ လေ့ကျင့်ရေးကွင်းမှာ ပယ်နယ်တီ လေ့ကျင့်ပေးခဲ့ခြင်းဟာလည်း အနိုင်ရရှိဖို့ အကြောင်းတစ်ချက်ပါပဲ။ နှစ်နှစ်ဆက်တိုက် ဖိုလ်စွဲနိုင်လို့ ဝမ်းသာဂုဏ်ယူမိပါတယ်'' ဟု ပြောကြားသည်။

ပို့ဆောင်ရေးအသင်းသည် အုပ်စုပတ်လည် အမှတ်ပေးအဆင့်၌ စက်မှု(၁) အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အမှတ်(၃) အခြေခံပညာအသင်းကို ၁၅ဂိုး-ဂိုးမရှိ၊ အား/ကာသိပ္ပံ(မန္တလေး)အသင်းကို နှစ်ဂိုး- တစ်ဂိုး၊ အား/ကာသိပ္ပံ(ရန်ကုန်)အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကာကွယ်ရေးအသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပြည်ထဲရေးအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

တာဝန်ယူဆောင်ရွက်

နဝမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲဝင် ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမင်းဟန် (လက်ထောက်အထွေထွေမန်နေဂျာ)၊ အုပ်ချုပ်သူအဖြစ် ဦးနိုင်ဦး(မန်နေဂျာ)၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်၊ လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်မြင့်နှင့် ဦးညွန့်သိန်း၊ အတွင်းရေးမှူးအဖြစ် ဒေါ်ခင်သန်းနိုင်(ရုံးအုပ်)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် ဝါဝါမိုး(ဂိုး)၊ သင်းသင်းစိုး(ခ) အေးအေးသန်း (ဂိုး)၊ မိုးမိုးဝါ၊ နေဇာလင်းလင်းအောင်၊ မြင့်မြင့်အေး၊ နန်းကြေးငုံ၊ စန်းယုနိုင်၊ သီတာဦး၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ စုငြိမ်းအေး၊ ငြိမ်းငြိမ်းအိ၊ ဇင်မာဝမ်း၊ မာလာဝင်း၊ မိုင်နီလာထွေး၊ မိုးမိုးထွေး၊ မူမူလွင်၊ ရီရီနွယ်၊ မိုးသီတာ၊ နွယ်နွယ်အေး(အနီးကပ်အုပ်ချုပ်သူ)နှင့် သက်သက်ဝင်းတို့ ပါဝင်ကြသည်။

အောင်မြင်မှုအရှိဆုံး

ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်းသည် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲတစ်လျှောက် ငါးကြိမ် ဖိုလ်စွဲထားပြီးဖြစ်ရာ အောင်မြင်မှု အရှိဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လွယ်ဟိန်းကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာ စိုင်းဆမ်ထွန်းဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံဆရာဝန်အသင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ကြီးမှူး၍ လွယ်ဟိန်းကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ (၈၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ရက်က မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ရွှေဝင်ရယ်မင်္ဂလာဒုံဂေါက်အင်ကမ်းထရီးကလပ်၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်းဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲနှင့် ညစာစားပွဲကို အဆိုပါ ဂေါက်ကွင်း မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာ ကျော်မြင့်နိုင်နှင့် ဒေါက်တာ တင့်ဆွေလတ်၊ ပြိုင်ပွဲစပွန်ဆာဖြစ်သူလွယ်ဟိန်း ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ စိုင်းဆမ်ထွန်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ လွယ်ဟိန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဇေကမ္ဘာ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ဆုများပေးအပ် ချီးမြှင့်ကြသည်။ ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဒေါက်တာ ဇော်ထွန်းတို့သည် တစ်နှစ်လျှင် နှစ်ကြိမ်စီ မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲများကို ပံ့ပိုးကျင်းပသွားမည်ဖြစ်ပြီး မတ်လနောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် အဆိုပါ ဂေါက်ကွင်း၌ (၈၈)ကြိမ်မြောက် ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

Judo Seminar Technical Course နှင့် DAN EXAMINATION
မတ် ၁၁ရက်မှ ၁၇ရက်အထိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အားကစားဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှု၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်နှင့် ဂျပန်နိုင်ငံကိုဒိုကန်ဂျူဒို (KODOK AN JUDO INSTITUTE) တို့ ပူးပေါင်း၍ မြန်မာ့ဂျူဒိုနည်းပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် Judo Seminar Technical Course နှင့် DAN EXAMINATION တို့ကို မတ် ၁၁ရက်မှ ၁၇ရက်အထိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်သည်။

စာရင်းသွင်း

အဆိုပါ Judo Seminar Technical Course သို့ တက်ရောက်ကြမည့် ဂျူဒိုအားကစားသမား မောင်၊ မယ်များနှင့် DAN EXAMINATION ၌ ဖြေဆိုကြမည့် ဂျူဒိုအားကစားသမား မောင်၊ မယ်များသည် မတ် ၃ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်သို့ စာရင်းသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ပရီမီယာလိဂ်သတင်း

ရွန်နေ၏ ခေါင်းတိုက်ဂိုးများဖြင့် မန်ယူအောင်ပွဲခံ
ကာလင်းဖလားဖိုလ်လုပွဲ ဖာဒီနန်လွဲချော်ဖွယ်

မြင့်မောင်စိုး ➤ စုစည်းရေးသားသည်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၂၈) အကြိုပွဲအဖြစ် မန်ယူက အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းကို လက်ခံကစားခဲ့ရာ မန်ယူက သုံးဂိုးပြတ်သွင်းယူပြီး ရမှတ်သုံးမှတ် ထိုက်ထိုက်တန်တန် ရယူလိုက်နိုင်သည်။

မန်ယူအတွက် ဂိုးများကို တိုက်စစ်မှူးရွန်နေက ပွဲချိန် ၃၈မိနစ်တွင် ဗလင်စီယာ၏ မြေမကျဖြတ်တင်ဘောမှ တစ်ဆင့် လှလှပပ ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကိုလည်း တိုက်စစ်မှူးရွန်နေကပင် ဗလင်စီယာ၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ယင်းဂိုးမှာ ရွန်နေ၏ ယခုနှစ် ဘောလုံးရာသီအတွင်း မန်ယူအတွက် သွင်းယူပေးခဲ့သည့် ၂၇ဂိုးမြောက် ဂိုးဖြစ်သည်။

တတိယမြောက်ဂိုး

မန်ယူအတွက် တတိယမြောက်ဂိုးကိုတော့ ပွဲချိန်မိနစ် ၈၀တွင် တိုက်စစ်မှူး မိုက်ကယ်အိုဝင်က ပေါစခိုးလ်၏ အလိုက်သင့် ချပေးသော ဘောလုံးမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင်မန်ယူတို့ အနိုင်ရလိုက်၍ ရမှတ် ၆၀ဖြင့် ချယ်လ်ဆီးထက် တစ်မှတ်လျော့ကာ အမှတ်ပေး ဇယားဒုတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ပွဲအပြီးတွင် နည်းပြဖာဂူဆန်က **''ကျွန်တော့်လူတွေ ကောင်းစွာကစားနိုင်ခဲ့တဲ့ပွဲပါ။ အထူးသဖြင့် ဒုတိယပိုင်းမှာ ပိုကောင်းအောင် ကစားနိုင်ခဲ့ကြပါတယ်။ ရွန်နေဟာ ဗလင်စီယာရဲ့ ဖြတ်တင်ဘောများနဲ့ အကောင်းဆုံး ခေါင်းတိုက်ဂိုးများ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ပွဲစဉ်တစ်လျှောက် ဗလင်စီယာ ခြေစွမ်းပြ ကစားလာတာကိုလည်း တွေ့ရပါတယ်''** ဟု ပြောကြားသည်။

မန်ယူအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ရွန်နေက ဤသို့ ခေါင်းတိုက်ဂိုး သွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပွဲအပြီး ဝက်စ်ဟမ်းနည်းပြ ဇိုလာက ''ဒီပွဲမှာ ကျွန်တော့် ကစားသမားတွေ ပထမပိုင်းမှာ ကောင်းအောင်ကစားနိုင်ခဲ့ပါတယ်။ မန်ယူဟာ တကယ်ခြေစွမ်းရှိတဲ့ အသင်းကြီးပါ။ အမီလိုက်ကစားဖို့မလွယ်လှပါဘူး။ ကျွန်တော်တို့ နောက်ပွဲတွေမှာ ဒီထက် ပိုကောင်းအောင်ကစားနိုင်ဖို့ ကြိုးစားရဦးမှာပါ''ဟု ပြောကြားသည်။

ကာလင်းဖလားဖိုလ်လုပွဲ

မန်ယူနှင့် အက်စ်တွန်ဗီလာအသင်းတို့သည် ဖေဖော်ဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) ည ၉နာရီခွဲတွင် ဝင်ဘလေကွင်းကြီး၌ ကာလင်းဖလားဖိုလ်လုပွဲ ကစားရန်ရှိနေသည်။

မန်ယူသည် ကာလင်းဖလားကို လူစုံ တက်စုံ အားကုန်ထုတ်ပြီး ဖလားရယူမည့် အနေအထားရှိနေသော်လည်း မန်ယူအတွက် အဓိကအားထားရသော ဗဟိုခံစစ်မှူး ဖာဒီနန်သည် ကျောဒဏ်ရာရထား၍ ပါဝင်နိုင်လိမ့်မည်မဟုတ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားထားသည်။ **(အင်တာနက်)**

ချန်ပီယံလိဂ် ဘာကာကံကောင်းထောက်မ၍သရေကျ
ဘော်ဒိုးတို့ အဝေးကွင်းအောင်ပွဲခံ

မက်ဒရစ် ဖေဖော်ဝါရီ ၂၄

ချန်ပီယံလိဂ် ၁၆သင်း ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချန်ပီယံဘာကာသည် စတုဂတ်အိမ်ကွင်း ၌ တိုက်စစ်မှူး အီဗရာဟင်၏ ချေပဂိုးကြောင့် သရေကျခဲ့သည်။

အိမ်ရှင် စတုဂတ်အသင်းသည် ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားရာ ပွဲချိန် ၂၅ မိနစ်တွင် ကာကုက ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း ဘာကာတို့ ဒုတိယပိုင်း၌ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် ထိုးဖောက် ကစားခဲ့ရာ ပွဲချိန် ၅၂မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ ဘာကာတို့ ယင်းအဆင့်တွင် ယမန်နှစ်ကလိုင်ယွန်ကို အဝေးကွင်း၌ သရေကစားခဲ့သည်။ ဒုတိယအကျော့ အိမ်တွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားခဲ့သည်။ ယခုနှစ် ဒုတိယအကျော့ အိမ်ကွင်းတွင်လည်း အလားတူရလဒ်ဖြစ်လာခဲ့လျှင် ဘာကာတို့ ချန်ပီယံလိဂ်ဖလား ကာကွယ်နိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိလာဖွယ်ရှိသည်။

ဘော်ဒိုးနိုင်

ပြင်သစ်ချန်ပီယံ ဘော်ဒိုးအသင်းသည် ဂရိချန်ပီယံ အိုလံပီယာကို့စ် အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဘော်ဒိုးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို နောက်တန်းကစားသမား စီယာနီက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းတို့ နှစ်သင်းသည် မတ် ၁၇ရက်တွင် ဒုတိယအကျော့အဖြစ် ပြန်လည်ကစားရမည်ဖြစ်သည်။ ။ **(အင်တာနက်)**



စတုဂတ်အသင်းအတွက် အဖွင့် ဂိုးကို ကာကုက ဤသို့ ခေါင်းတိုက်ဂိုးသွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဗုဒ္ဓ ဓမ္မ သံဃ

မိဂဒါဝုန်ဘုရားဖူးလုပ်ငန်း

[သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး (ငြိမ်း) ဦးမောင်မောင်မြင့် ဦးစီးသည့်]

အိန္ဒိယ၊ နီပေါရှိ သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာနတို့သို့ ပို့ဆောင်ပေးနေပါပြီ။

သင်္ကြန်အထူးအစီအစဉ် ၁၀-၄-၂၀၁၀ရက်မှ ၁၇-၄-၂၀၁၀ရက်အထိ ခုနစ်ညအိပ် ရှစ်ရက်ခရီး ကျပ် ၇၂၀၀၀၀(စရိတ်ငြိမ်း)၊

(ရန်ကုန်-ဗုဒ္ဓဂယာ-မိဂဒါဝုန်-ကုသိနာရုံ-ဝေသာလီ-ရာဇဂြိုဟ်-ဗုဒ္ဓဂယာ-ရန်ကုန်)

၁၄ ညအိပ် ၁၅ရက်ခရီး ကျပ် ၉၀၀၀၀၀(စရိတ်ငြိမ်း)

၁၃-၃-၂၀၁၀ရက် ခရီးစဉ်တွင် လိုက်ပါလိုသူများ ပတ်စ်ပို့ရှိပြီးက ကျပ် ၈၅၀၀၀၀ဖြင့် ပို့ဆောင်ပေးပါမည်။

(ဗုဒ္ဓဂယာ-မိဂဒါဝုန် - သင်္ကဿနဂိုရ်- အာဂရာ(တာ့ချ်မဟာ)-နယူးဒေလီ-သင်္ကဿနဂိုရ်-သာဝတ္ထိ-လုမ္ဗိနီ-ကုသိနာရုံ-ဝေသာလီ-ပတ္တနား- ရာဇဂြိုဟ်-ဗုဒ္ဓဂယာ)

ထွက်ခွာမည့်ရက် - ၂၀၁၀ရက် မတ် ၁၃၊ ၂၇၊ ဧပြီ ၁၀၊

ဆက်သွယ်ရန် - အမှတ် ၁၃၇၊ အနော်ရထာလမ်းနှင့် (၄၈)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၆၄၈၇၊ ၂၉၀၈၀၂၊ ၀၉-၅၀၀၃၂၂၃။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်နေ ဦးစိုးမင်း-(ဒေါ်ခင်ငွေးရီ)တို့၏သားကြီး

မောင်ချမ်းသာ

(ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ ဟင်္သာတမြို့) နှင့်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ

ဦးကျော်စိုး (မြို့နယ်တရားသူကြီး၊ မြစ်ကြီးနားမြို့နယ်)-

ဒေါ်အေးအေးချိုတို့၏သမီးကြီး

မသူသူစိုး

(ဒုတိယမြို့နယ်ဥပဒေအရာရှိ၊ ကမာရွတ်)

တို့သည် မိဘများ၏သဘောတူညီချက်အရ နှစ်ဖက်သော ဘိုးဘွားဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ချမ်းသာ-မသူသူစိုး။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သြဘာလမ်း၊ အမှတ်၉၊ အပေါ်ဆုံးထပ်၊စီ-၇(ခေါင်းရင်းခန်း)အလျား ၁၅ပေ×အနံပေ ၅၀ပတ်ခန့်တွင်သော တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်းနှင့် ပြောဆိုလာသူ ဒေါ်ဇင်မာမင်း ၁၂/ရကန(နိုင်)၀၁၇၇၁၆ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက တိကျခိုင်မာသော စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညီသန်း (စဉ်-၆၀၂၃)

(L L.B, D.B.L, D.I.L) Dip in Global English တရားရုံးချုပ်ရှေ့နေ

အခန်း၂၅၀၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဖုန်း-၇၃၀၀၁၆၁၅။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၆)ရပ်ကွက် မိုးမခလမ်းနေ တက္ကသိုလ် စိန်တင်-ဒေါ်တင်စိန် (စိမ့်ပညာရေး) မိသားစုက ဒေါ်တင်စိန် (စိမ့်ပညာရေး)၏ မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့စာ အာဟာရကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မီး အစဉ်သတိပြု

ကမ္ဘာ့လူတုပ်ကွေးကာကွယ်ရေး ဘားအံ၌ဟောပြော

ဘားအံ ဖေဖော်ဝါရီ ၂၄

ကရင်ပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ကမ္ဘာ့လူတုပ်ကွေး A(H1N1) ကပ်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ကမ္ဘာ့လူတုပ်ကွေး A(H1N1) ကပ်ရောဂါကြိုတင်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

စီးပွားရေးပညာဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ စာရေးဆရာများဖြစ်ကြသော ဦးအောင်ကျော်မိုးနှင့် ဦးသန်းထွန်းတို့က ဖေဖော်ဝါရီ၂၇ရက် (စနေနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိလည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် ပိုင်ထူးနှင့် စာရေးဆရာ ဒိုင်းမွန်းရွှေကြည်တို့က ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ လည်းကောင်း BMW စီးပွားရေးလုပ်ငန်းရှင်များ သင်တန်းကျောင်းခန်းမ အမှတ်(၇) ဈေးလမ်း (၅)ရပ်ကွက် ပုဇွန်တောင်မြို့နယ်တွင် စီးပွားရေးပညာရပ်များကို ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)



တောင်ငူမြို့နယ် သရက်ကုန်းကျေးရွာရှိ လက်နှိပ်တုံကင်ရေတွင်း ကြံ့ခိုင်မှုကို ဖေဖော်ဝါရီ ၁ရက်က လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးအတွက် ရုံးတွင်း ပျိုးဥယျာဉ်တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ရက်က အမှုဆောင်အရာရှိ ဦးရဲဝင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးထွန်းမြင့်အောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၁၆၆)၊ ဧရိယာ ၀.၀၁၁၉ ဧကေ၊ ကျယ်ဝန်းသော နှစ် (၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ မြိတ်လမ်း၊ အိမ်အမှတ် ၁၃၁ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရောင်းသူ ဒေါ်ကျင်စိန် (အိုင်အက်စ်အမ်-၀၄၉၃၉၁) ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ထိုကဲ့သို့ ဝယ်ယူရာတွင် အကျိုးခံစားခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ ထိခိုက်နစ်နာ၊ လက်လွှတ်ဆုံးရှုံးရန် ရှိသူဟူသမျှတို့သည် ခုနစ်ရက်အတွင်း တရားဝင်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိလျှင် အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်အောင်

B.A (Law) LL.B

တရားရုံးချုပ်ရှေ့နေ

အမှတ် ၆၇၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ acer လက်တော့ကွန်ပျူတာမှာ မင်္ဂလာဒုံ ခရေပင်ရိပ်မွန်မှ ပုလဲမြို့သစ်သို့အသွား Taxi ပေါ်တွင် ကျန်နေခဲ့ပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၇၃၂၆၂။

လူပျောက်

မသန်းသန်းထွေး အသက် (၃၁)နှစ်သည် ၂၂-၂-၂၀၁၀ရက်တွင် ရွှေထည်ပစ္စည်းများနှင့်အတူ နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း အကြောင်းကြား ပို့ဆောင်ပါရန်ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း။

အမှတ် ၅၊ ဓမ္မာရုံလမ်း၊

ကန်တော်လေး

မင်္ဂလာတောင်ညွန့်၊

ရန်ကုန်တိုင်း၊

ဖုန်း-၃၉၄၉၀၄။

S.I.D ကတ် ပျောက်ဆုံးခြင်း

ကျွန်တော် စိုးသန်း CDC 37035 သင်္ဘောသားမှတ်ပုံတင် S.I.D ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၀-၃၉၈၅၆။**

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-ဗုဒ္ဓဂယာ+သံဝေဇနီယလေးဌာန(ဖွား+ပွင့်+ဟော+စံ) ကျပ်ကိုးသိန်း စရိတ်ငြိမ်း (India Air Line)

(၁၄)ညအိပ် ၁၅ရက်-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချ်မဟာ+ဝင်ကြေး)ကျပ်၁၀သိန်း စရိတ်ငြိမ်း

(၁၇)ညအိပ် ၁၈ရက်- သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချ်မဟာ+ဝင်ကြေး)+ ကိုလ်ကတ္တား(Shopping+ဗဟုသုတရစရာနေရာများ)ကျပ် ၁၀ သိန်း ၅သောင်းစရိတ်ငြိမ်း (India Air Line) နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး ၃၅ရက် ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ ကျပ်တစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံးဝ)မဆုံးရှုံးပါ။

နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ အထူးဈေးနှုန်း

၂၂-၃-၂၀၁၀ရက် (၁၂)ရက်ခရီး ယခင်ဈေးနှုန်း ကျပ် ကိုးသိန်း၊ ယခု စရိတ်ငြိမ်း ကျပ်ရှစ်သိန်း

၂၆-၃-၂၀၁၀ရက် (၁၈)ရက်ခရီး စရိတ်ငြိမ်း ကျပ် ၁၀သိန်း၊ ၂၇-၃-၂၀၁၀ ရက် (၁၅)ရက် ခရီးစရိတ်ငြိမ်း ကျပ် ၉.၅ သိန်း

၅-၄-၂၀၁၀ရက် (၁၂)ရက်ခရီး စရိတ်ငြိမ်း ကျပ်ရှစ်သိန်း

ထိုင်းနိုင်ငံဗန်ကောက်ခရီးစဉ် (၁၀-၄-၂၀၁၀)ရက်(၄)ညအိပ်(၅)ရက်ခရီး ကျပ် (၇.၅)သိန်း စရိတ်ငြိမ်း

ပတ်စ်ပို့(လေယာဉ်လက်မှတ်သွားပြန်+ဗီဇာ+စာရွက်စာတမ်းကြေး+တည်းခိုစရိတ်+စားစရိတ်၊ဝင်ကြေး၊ဝန်ဆောင်မှုတွင် စရိတ်ငြိမ်း ပါဝင်ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ရက်မှ ဖေဖော်ဝါရီ ၂၈ရက်အတွင်း ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်နှင့် ဗန်ကောက်ခရီးစဉ်တွင် စရန်ငွေကျပ်တစ်သိန်းပေးသွင်း၍ မည်သည့်ခရီးစဉ်တွင်မဆိုလိုက်ပါမည့် ဘုရားဖူးသူတော်စင်များအား ငွေကျပ် ၂၀၀၀၀တိတိလျှော့ပေးမည်ဖြစ်ကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

အတာတန်ခူး၊ ကုသိုလ်ထူးအစီအစဉ် -၁၂-၄-၂၀၁၀ရက်(၁၂)ရက်နှင့် (၁၈)ရက်ခရီးတွင်လိုက်ပါမည့် ဘုရားဖူးသူတော်စင်များကို ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သင်္ကန်းထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်နှင့် သိမ်ဆွမ်းလောင်းလှူကြမည့်အစီအစဉ်များကို နီလာဘုရားဖူးအဖွဲ့က ကုသိုလ်ယူဒါနပြုစီစဉ်ပေးမည်ဖြစ်ပါ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပေးအပ်ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲ - ၂၆-၄-၂၀၁၀ရက် (၇)ညအိပ် (၈) ရက်ခရီးစဉ်အထူးဈေးနှုန်း ကျပ်ခုနစ်သိန်းငါးသောင်း၊ ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့) ဗုဒ္ဓဂယာမြေမြတ်မဟာဗောဓိစေတီတွင် ဃနာနို့ဆွမ်းဆက်ကပ်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းပူဇော်ခြင်းအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ထွက်ခွာမည့်ရက်- မတ်လတွင် (၁၂၊၁၃၊၁၉၊၂၂၊၂၆၊၂၇)ရက်၊ ဧပြီလတွင် (၅၊၉၊၁၂၊၁၉၊၂၆)ရက် ခရီးစဉ်အားလုံးအတွက် ဝန်ဆောင်မှုများသည် ရန်ကုန်မှစတင်ထွက်ခွာသည့်ရက်မှစ၍ ရန်ကုန်သို့ပြန်ရောက်ရှိသည့်ရက်အထိ စရိတ်ငြိမ်း ဖြစ်ပါသည်။

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉-၉၉၇၃၃၉၅၊ ၀၉-၈၆၁၂၀၀၃၊၀၉-၈၆၁၀၄၅၆။

၁၉၉၄-၁၉၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

1994-1995 Jan & 1995 Dec စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ ပထမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ မည်သည့်နှစ်တွင် ဘွဲ့ရသည်ဖြစ်စေ တက်ရောက်နိုင်ပါသည်။

နေ့ရက် - ၇-၃-၂၀၁၀ ရက် (တနင်္ဂနွေနေ့)

အချိန် - 6 Pm - 9 Pm

နေရာ - Lion City Restaurant (ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး)

ညစာစားပွဲ လက်မှတ်နှင့် အလှူငွေများ ထည့်ဝင်လိုပါက အောက်ပါသူငယ်ချင်းများထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁)ဦးသန့်ဇင်	1994 - အုန်းတော	ဖုန်း-၀၉-၅၀-၁၁၉၅၉	(၇) ဦးဝင်းနိုင်	1995 - ခပေါင်း	ဖုန်း-၀၉-၅၁-၆၁၈၈၀
(၂)ဦးနေလင်းအောင်	1994 -Day	ဖုန်း-၀၉-၅၀-၆၉၇၄၁	(၈) ဒေါ်ငွေးငွေးအောင်	1994- Day	ဖုန်း-၀၉-၅၀-၇၀၂၈၄
(၃)ဦးရဲနိုင်	1994 - ခပေါင်း	ဖုန်း-၀၉-၅၁-၃၅၃၈၀	(၉) ဒေါ်ထားထားလွင်	1995 - နှင်းဆီ	ဖုန်း-၀၉-၅၁-၁၀၂၂၇
(၄)ဦးထွန်းဇော်သောင်း	1994 -ခပေါင်း	ဖုန်း-၀၉-၅၀-၀၁၃၉၁	(၁၀) ဒေါ်အေးသန္တာခိုင်	1995- ကံ့ကော်	ဖုန်း-၀၉-၅၀-၀၄၉၆၄
(၅)ဦးကိုကိုမောင်	1994 -မေခ	ဖုန်း-၀၉-၅၀-၄၄၇၁၆	(၁၁) ဒေါ်ရင်ရင်ငြိမ်း	1995- နှင်းဆီ	ဖုန်း-၀၉-၅၀-၆၈၃၂၄
(၆)ဦးကျော်ကျော်အောင်	1995 -မေခ	ဖုန်း-၀၉-၈၇-၂၀၉၀၅	(၁၂) ဒေါ်စုလှိုင်ထွန်း	1995- သရဖီ	ဖုန်း-၀၉-၅၁-၂၈၀၃၄

မုံရွာစက်မှုဇုန်ရှိ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၁၁ရက်က မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ ကျင်းပသည့် မြတ်လေးလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

လမ်းဖွင့်ပွဲ အခမ်းအနားသို့ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး တာဝန်ရှိသူတစ်ဦးက ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းဖွင့်ပွဲ အထိမ်းအမှတ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် အခမ်းအနားတက်ရောက်လာကြသော ရပ်ကွက်နေ ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကတ္တရာလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးသည် မုံရွာမြို့ စက်မှုဇုန်ရှိ ပုဂ္ဂလိကပိုင် ငြိမ်းချမ်းရေး စက်မှုလုပ်ငန်း ပဲခွဲစက်၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ငြိမ်းချမ်းရေးစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော တစ်လုံးထိုးအသံငြိမ်မီးစက်များ ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေး မင်းကင်း၌ စာအုပ်လှူဒါန်း

မင်းကင်း ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ကျေးနင်းကျေးရွာ၌ ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပသည်။

လှူဒါန်း

အခမ်းအနား၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတ်မှတ်စံ(၅)ချက်ညီရေး ဟောပြောပြီး ကျေးနင်းအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်လွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ စာကြည့်တိုက်အတွက် မြို့နယ်ဦးစီးမှူးက သုတ၊ ရသ စာအုပ် ၅၀နှင့် အလှူရှင်များက စာအုပ် ၁၀၀ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော် ခနဖြူမြို့နယ်၌ ဧက ၄၀၀၀ကျော် စိုက်ပျိုးမည်

ခနဖြူ ဖေဖော်ဝါရီ ၁၇

မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၀-၂၀၁၁ခုနှစ် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ လျှော်မျှင်၊ အပင်ခြောက် စိုက်ပျိုးထုတ်လုပ်ရန်အတွက် ခနဖြူမြို့မ၊ လမန်း၊ အလမျိုး၊ ဆကာကြီး၊ သပြုဝယ်ယူရေးစခန်း ငါးခုအတွင်းရှိ အကျော်၊ လမန်း၊ ကျုံတနီး၊ အလမျိုး၊ ဆကာကြီး၊ သပြု၊ ကျောက်တိုင် ကျေးရွာအုပ်စု ခုနစ် အုပ်စုမှ ကျေးရွာခွဲ ၄၁ရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား လျာထားသတ်မှတ်ဧက ၄၀၀၀ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးထုတ်လုပ် နိုင်ရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက်၁၀နာရီက ခနဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် ဂုန်လျှော်စိုက်ဝယ်မန်နေဂျာ ဦးသန်းထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် မအူပင်ခရိုင်ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်က ဂုန်လျှော်၊ချဉ်ပေါင်လျှော်၊ လျှော်မျှင်၊ အပင်ခြောက် စိုက်ပျိုးထုတ်လုပ်ရေးကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်က တာဝန်ပေးအပ်သည့် ရာသီအချိန်မီ စိုက်ပျိုးဆောင်ရွက်ရန်နှင့် ဧကကျော်လွန်အောင် စိုက်ပျိုးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက်တာဝန်ပေးအပ်ပွဲကျင်းပရာ မအူပင်ခရိုင်ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် တာဝန်ရှိသူများက ဝယ်ယူရေးစခန်း ခနဖြူမြို့မ၊ လမန်း၊ အလမျိုး၊ ဆကာကြီး၊ သပြု စခန်းငါးခု၊ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၄၁ရွာမှ ကျေးရွာဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။ **(အောက်ပုံ)**

စိုက်ပျိုးထုတ်လုပ်

ခနဖြူမြို့နယ်တွင် ၂၀၁၀-၂၀၁၁ မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ လျှော်မျှင်၊ အပင်ခြောက်ထုတ်လုပ်ရေးများကို စိုက်ပျိုးရေးရာသီတွင် သတ်မှတ်ဧက ၄၀၀၀ကျော် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်သည်။ **(၁၄၇)**

သုတရောင်ခြည်စာကြည့်တိုက်အဆောက်အအုံ စစ်ကိုင်းတိုင်း ကလေးမြို့နယ် သံဖိုကျေးရွာ၌ဖွင့်လှစ်

ကလေး ဖေဖော်ဝါရီ ၁၉

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ခုံတိုးမြို့သာကျေးရွာအုပ်စု သံဖိုကျေးရွာ သုတရောင်ခြည် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၁ရက် နံနက်က အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဒိုင်ကျင့်ပါအို၊ အုပ်စုဥက္ကဋ္ဌ ဦးလှအောင်နှင့် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးလွန်ဆန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

လက်ခံယူ

ထို့နောက် အုပ်စုဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောသည်။ ဆက်လက်၍ သုတရောင်ခြည်စာကြည့်တိုက်အတွက် ကျေးရွာမှ ငွေကျပ် ၂၃၄၀၀၀တန်ဖိုးရှိ ပရိဘောဂလေးမျိုး ခုနစ်လုံး၊ ငွေကျပ် ၈၅၀၀၀တန်ဖိုးရှိ သုတစာအုပ်မျိုးစုံ ၁၁၄အုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ငွေကျပ် ၂၀၀၀၀တန်ဖိုးရှိစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်နှင့်သတင်းစာများ၊ လူမှုဘာသာရေးအသင်းအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများနှင့် အလှူရှင် ၁၄ဦးတို့က ငွေကျပ် ၁၀၇၀၀၀ စုစုပေါင်းငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၄၆၁၀၀၀အသီးသီးလှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးဗျက်လွယ်က လက်ခံယူသည်။

အကုန်အကျခံ

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်မှာ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းအဆောက်အအုံဖြစ်ပြီး ကျေးရွာပြည်သူမှ ငွေကျပ် ခုနစ်သိန်းခန့် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးစိုးဝင်း ဦးဆောင်ကြီးကြပ်၍ ဇန်နဝါရီ ၁၉ရက်က ရွှေညောင်ရပ် ရွှေညောင်လမ်း ၁၈ပေအကျယ် တိုးချဲ့ရန် စက်ယန္တရားကြီးများဖြင့် လုပ်ဆောင်နေစဉ်။ (၀၂၁)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ရခိုင်ရိုးရာ ရက်ကန်းရက်လုပ်ပြိုင်ပွဲဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၂၀

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်ရိုးရာရက်ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးကြသည်။ အခမ်းအနားကို ပြည်နယ်သမဝါယမဦးစီးမှူး ဦးမောင်ဖြူနှင့် ရက်ကန်းကျောင်းအုပ်ကြီး ဦးသက်နိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(ခရိုင် ပြန်/ဆက်)***

တိုင်းရင်းဆေး ကွင်းဆင်းကုသ

ခင်ဦး ဖေဖော်ဝါရီ ၂၀

ခင်ဦးမြို့နယ် ရွာစဉ်ကျေးရွာ အထက(ခွဲ)၌ ရပ်ပိုင်တိုင်းရင်းဆေး အခမဲ့ကွင်းဆင်းကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရပ်ပိုင်တိုင်းရင်းဆေး သမားတော်ကြီး ဒေါက်တာဦးဘိုကြီး-သုမေ္မသိင်္ဂီ ဒေါ်တင်နုမိသားစုတို့က ရွာစဉ်အထက (ခွဲ) ပြုပြင်ရန် ငွေကျပ် လေးသိန်း၊ မြေဖြူကျင်းကျောင်းတိုက် ငွေကျပ် တစ်သိန်း၊ တိုက်နယ်ဆေးရုံ ငွေကျပ် တစ်သိန်း၊ ကျောက်ချောလမ်း ငွေကျပ် တစ်သိန်း၊ ကျေးလက်ဖွံ့ဖြိုးရေးအခြေစိုက်စခန်း ငွေကျပ် တစ်သိန်း၊ ရှားလွင် အမကအတွက် ငွေကျပ် နှစ်သိန်း၊ ကုလားလူးအမကအတွက် ငွေကျပ် နှစ်သိန်း၊ ထနောင်းကိုင်းအမက ငွေကျပ် နှစ်သိန်း၊ စုစုပေါင်းငွေကျပ် ၁၄သိန်းနှင့် ဗလာစာအုပ် ၁၀၉ဒါဇင် လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်အေးက လက်ခံယူပြီး ဝေဒနာရှင် ၇၄၄ဦးတို့အား တိုင်းရင်းဆေး ငွေကျပ် ငါးသိန်းဖိုး ဓိဝိတဒါန ဆေးကုသပေးခဲ့ကြသည်။ (၁၈၂)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဇန်နဝါရီ ၂၆ရက်က စစ်တွေတက္ကသိုလ်အနီးမှ မှန်စီရွာသွားကျေးလက်လမ်းမကြီး ရာသီမရွေး သွားလာနိုင်ရေးအတွက် ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေး၊ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်နှင်းနှင်းရီတို့က ရှင်းလင်းပြသကြစဉ်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၃၀ရက်က သရုပ်ပြလေ့ကျင့်ရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးယဉ်ကျော့တို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt. Gen. Bui Van Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းတို့ တက်ရောက်ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

နယူးယောက် ဖေဖော်ဝါရီ ၂၄

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရှားပါး စူပါမင်း ကာတွန်းစာအုပ် တစ်အုပ်ကို အမေရိကန်ဒေါ်လာ တစ်သန်းဖြင့် စံချိန်တင် ရောင်းချခဲ့ရကြောင်း ကာတွန်းစာအုပ် အရောင်းဆိုင် တစ်ဆိုင်က ပြောကြားသည်။

လူကြိုက်များ

အဆိုပါ စူပါမင်း ကာတွန်းစာအုပ်မှာ ၁၉၃၈ခုနှစ်က တည်းဖြတ် ထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုခေတ်က လူကြိုက်များခဲ့သော စာအုပ်လည်း

စာမျက်နှာ ၉ ကော်လံ ၁ ●

25-2 (20).pmd 1 2/25/2010, 1:45 AM